# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၀၆)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ ၆-၁၀-၂၀၂၄၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာ ဘရွှေ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ ဆရာမများ၊ ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပြခန်းအား လှည့်လည်ကြည့်ရှုစဉ်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဖတ်ကြားသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် "ဆရာ့အသံများကို အလေးထားခြင်း" ဆောင်ပုဒ်ဖြင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားခြင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များ အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန် ဆရာ ဆရာမများ၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရက္ခဗေဒဌာနမှ အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၂ ဦး၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာမြင့်ဆွေနှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာ မောင်ကျော်တို့ကို ဂါရဝပြုကန်တော့ကြရာ ဆရာကြီး ဆရာမကြီးများကိုယ်စား မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာ ဦးဝင်းနှင့် ဒေါက်တာ မောင်ကျော်တို့က သြဝါဒစကားပြောကြားကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့ ဆရာများနေ့ အထိမ်းအမှတ် ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ မှုထန် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။


**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ( ၆ )ရက်မြောက်နေ့ ကောက်ယူနေပါသည်။**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၆ ရက် ၊ တနင်္ဂနွေနေ့။

## အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးက အရေးကြီးသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် လူသားအရင်းအမြစ်များမွေးထုတ်ပေးကာ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပျော်ရွှင်အေးချမ်းစွာပညာသင်ကြားကြပြီး စာကြိုးစားကြရန်နှင့် အမှန်တကယ်တတ်မြောက်စေရေး၊ စွမ်းရည်များပြည့်ဝစေရေးတို့အတွက် ကြိုးစားသင်ယူကြရန်လိုအပ်ကြောင်း၊ သင်တန်းကာလ ၃ နှစ်ပြည့်မြောက်မည့် ကျောင်းသားကျောင်းသူများအနေဖြင့် သတ်မှတ်အရည်အချင်းပြည့်မီပါက သမဝါယမကောလိပ်နှင့် တက္ကသိုလ်များသို့ ဆက်လက်ပေါင်းကူးတက်ရောက်နိုင်ကြောင်း၊ ကျန်ကျောင်းသား၊ ကျောင်းသူများကိုလည်း အလုပ်အကိုင်များရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)မှ သင်တန်းဆင်းသူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ချိတ်ဆက်ပေးမည်ဖြစ်ကြောင်းနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုပါက လုပ်ငန်းများထူထောင်ဆောင်ရွက်နိုင်ရေး ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိဌာန၏လုပ်ငန်းတာဝန်များကို စေတနာထားဆောင်ရွက်ရန်နှင့် ဌာနအချင်းချင်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)သို့ ရောက်ရှိပြီး သင်တန်းကျောင်းခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှ ဝန်ထမ်းများ၊ သင်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)မှ ဆရာ၊ ဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

သို့ဖြစ်ရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ကျေးလက်နေ တစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အခြေခံသည့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးရွာနေပြည်သူများအနေဖြင့် လုပ်ငန်းအမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူဆန္ဒတူသူများစုပေါင်း၍ သမဝါယမအသင်းများဖွဲ့စည်းကာ ကျေးရွာကုန်ထုတ်လုပ်ငန်းများကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ငှက်ပစ်တောင်ဘုရားမုခ်ဦးရှေ့ လမ်းဘေးဝဲ၊ ယာတွင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ သန့်ရှင်းရေးပြုလုပ်



**ညောင်ဦး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ငှက်ပစ်တောင်ဘုရားမုခ်ဦးရှေ့လမ်းဘေးဝဲ၊ ယာတွင် ယနေ့ နံနက် ၇ နာရီက ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ညောင်ဦးခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများက ညောင်ဦးမြို့ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ငှက်ပစ်တောင်ဘုရားသွားမုခ်ဦးရှေ့ လမ်းဘေးဝဲ၊ ယာလမ်းတစ်လျှောက်ရှိ အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ကန္တာရပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းပြီးသား ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများအား စည်ပင်သာယာရေးအမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)

၀-၀-၀-၀-၀

## တံတားဦးမြို့နယ် မူကြိုကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တံတားဦး အောက်တိုဘာ ၅**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ် မူကြိုကျောင်း၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီက ဆောင်ရွက်ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ တံတားဦးခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောက်ဆည်တပ်နယ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ရပ်ရွာအကျိုး လိုလားသူများက ကျောင်းဝင်းအတွင်းရှိ ခြင်ခိုအောင်းနိုင်သည့်နေရာများ လမ်းဘေးဝဲ၊ ယာရှိ ချုံနွယ်များ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ယူသိမ်းဆည်းခြင်းများကို စုစုပေါင်းအင်အား(၂၁၀) ဦးတို့က ဆောင်ရွက်ကြပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ တံတားဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ တံတားဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးစကားပြောကြားသည်။

တံတားဦးမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်းတွင် သတ်မှတ်နေရာများ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ (အောက်ပုံ)

ဦးရဲတင့်(ပြန်/ဆက်)





## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ရွှေဘိုမြို့တွင် မြတ်ဆရာပူဇော်

**မန္တလေး အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမတွင် ယနေ့ နံနက်က ကျင်းပသည်။

ကန်တော့ခံ အငြိမ်းစားဆရာကြီး၊ ဆရာမကြီး(၁၈၈)ဦးရှိသည့်အနက် မတက်ရောက်နိုင်သူများကို အိမ်တိုင်ရာရောက် ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး အခမ်းအနားသို့ တက်ရောက်လာသော ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

မြတ်ဆရာပူဇော်ပွဲတွင် ရွှေဘိုခရိုင်ပညာရေးမှူးဦးဝင်းနိုင်က မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး၊ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုခဲ့ကြပြီး၊ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာ၊ ဆရာမနှစ်ဦးတို့က ဩဝါဒစကားပြောကြားခဲ့ပြီး တက်ရောက်လာသူများကို နေ့လယ်စာထမင်း၊ မုန့်၊ အချိုရည်များဖြင့် ဧည့်ခံသည်။

(အပေါ်ပုံ) (၃၉၄)

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံ မြို့နယ်ရှိ အမှတ်(၁၄)အခြေခံ ပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း နှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ဘုန်းတော်ကြီးသင် ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်း များမှ ကျောင်းအုပ်ကြီးများ၊ တည်ထောင်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် သီဆို ဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။





အခမ်းအနားတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားပြီးနောက် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ (၅)ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီးပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ဖတ်ကြားခဲ့သည်။

၄င်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး များနှင့် တာဝန်ရှိသူများက ကမ္ဘာ့ ဆရာများနေ့အထိမ်းအမှတ် ဗဟို အဆင့်ဆုရရှိသူများ၊ စာစီစာကုံး ပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတို့မှ တိုင်းဒေသ ကြီးအဆင့်၊ အလယ်တန်းအဆင့် တို့တွင် ဆုရရှိသူများကို ဆုများ ချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ္ဘာ့ ဆရာများနေ့ အထိမ်းအမှတ် ဆရာ၊ ဆရာမများနှင့် ကျောင်း သား၊ ကျောင်းသူများမှ ဂုဏ်ပြု သီဆိုဖျော်ဖြေမှုများကို ကြည့်ရှု အားပေး၍ ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ ကြောင်းနှင့် တက်ရောက်လာ ကြသည့် ဆရာ၊ ဆရာမများကို ရင်းနှီးစွာ လိုက်လံနှုတ်ဆက်အား ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

o-o-o-o

o-o-o-o-o














သတင်း-စာမျက်နှာ ၃




မန္တလေးတိုင်းဒေသကြီး
ကမ္ဘာ့ဆရာများနေ့အခမ်းအနား


မန္တလေးတိုင်းဒေသကြီး
ကမ္ဘာ့ဆရာများနေ့အခမ်းအနား
အ.ထ.က-၁၄
၅.၁၀.၂၀၂၄


မန္တလေးတိုင်းဒေသကြီး
ကမ္ဘာ့ဆရာများနေ့အခမ်းအနား
အ.ထ.က-၁၄
၅.၁၀.၂၀၂၄


မန္တလေးတိုင်းဒေသကြီး
ကမ္ဘာ့ဆရာများနေ့အခမ်းအနား
အ.ထ.က-၁၄


မန္တလေးတိုင်းဒေသကြီး
ကမ္ဘာ့ဆရာများနေ့အခမ်းအနား
၅.၁၀.၂၀၂၄




မန္တလေးတိုင်းဒေသကြီး
ကမ္ဘာ့ဆရာများနေ့အခမ်းအနား


မန္တလေးတိုင်းဒေသကြီး
ကမ္ဘာ့ဆရာများနေ့အခမ်းအနား


မန္တလေးတိုင်းဒေသကြီး
ကမ္ဘာ့ဆရာများနေ့အခမ်းအနား

# မတ္တရာမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကြည့်ရှုအားပေး



**မတ္တရာ အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှစတင်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များ၌ သန်းခေါင်စာရင်းကောက်ယူနေမှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးသည် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်များက Mobile Tablet အသုံးပြုပြီး တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူနေမှုများကို ကြည့်အားပေးခဲ့ပြီး စာရင်းစစ်စာရင်းကောက်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးနှင့် အဖွဲ့သည် မတ္တရာမြို့အမှတ် ၅ ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(စလွန်ဖြူ)သို့ သွားရောက်ကာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ပြီး ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မတ္တရာပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ငွေများနှင့် အစားအစာများကို ပေးအပ်ခဲ့ကြောင်းသိရသည်။

မတ္တရာမြို့နယ်တွင် မြို့နယ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို စာရင်းစစ်၊ စာရင်းကောက်များက အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုးကျော်သူထွေး(မတ္တရာ)**

၀-၀-၀-၀

# မြေဩဇာအမျိုးအစားသုံးမျိုးအတွက် ရည်ညွှန်းဈေးထုတ်ပြန်

စိုက်ပျိုးတောင်သူများ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် မြေဩဇာများ ဝယ်ယူအသုံးပြုနိုင်ရန် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ မြေဩဇာ(၃)မျိုးအတွက် ရန်ကုန်အထိုင် ရည်ညွှန်းဈေးများထုတ်ပြန်ထားသည်။

ယခုထုတ်ပြန်လိုက်သည့် ရည်ညွှန်းဈေးမှာ အောက်တိုဘာလအတွက်ဖြစ်ပြီး သယ်ယူစရိတ်များရှိသဖြင့် အခြားဒေသများတွင် ယင်းထုတ်ပြန်သည့် ဈေးနှင့် ကွာဟမှုအနည်းငယ်ရှိနိုင်သည်ဟု ဆိုသည်။

"တောင်သူတွေအတွက် စိုက်ပျိုးရေးအချိန်မီဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာဌာနများက မြေဩဇာတွေကို သင့်လျော်တဲ့ ဈေးနှုန်းနဲ့ရရှိဖို့ ဆောင်ရွက်နေတာတွေ ရှိတယ်။ ပြီးခဲ့တဲ့လက ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းတွေပျက်စီးတဲ့ဒေသတွေမှာ ရေကျချိန် ပြန်လည်စိုက်ပျိုးနိုင်ဖို့ မြေဩဇာနဲ့ အခြားသွင်းအားစုတွေ လိုအပ်ပါတယ်"ဟု ယင်းအသင်းမှ တာဝန်ရှိသူက ပြောသည်။

"အောက်တိုဘာလအတွက် သတ်မှတ်လိုက်သော မြေဩဇာ (၃)မျိုးမှာ ယူရီးယား မြေဩဇာ (အလုံးကြီး)၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀ နှင့် Di- Ammonium Phosphate ၁၅ပတ်လည် ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀ ဖြစ်ကြောင်း ထုတ်ပြန်ထားပြီး မြေဩဇာ ၃ မျိုးပဲ သတ်မှတ်ပြီး Complex ၁၅ ပတ်လည်မြေဩဇာအတွက် ရည်ညွှန်းဈေးသတ်မှတ်ထားတာမရှိပါဘူး။ ဒီလရည်ညွှန်းဈေးတွေအရ ပြီးခဲ့တဲ့ စက်တင်ဘာနဲ့ နှိုင်းယှဉ်ရင် ယူရီးယားမြေဩဇာ (အလုံးကြီး)ကို ငွေကျပ် ၁၄၀၀၀၊ Rock Phosphate အခြေခံ ၁၅ ပတ်လည်နဲ့ Di- Ammonium Phosphate ၁၅ပတ်လည် တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀ စီတိုးမြှင့်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြေဩဇာဈေးနှုန်းများကို လစဉ် ရန်ကုန်အထိုင် သတ်မှတ်ရည်ညွှန်းဈေး ထုတ်ပြန်ပေးလျက်ရှိရာ ယင်းနှုန်းထားထက် ဈေးတင်ရောင်းချခြင်းများရှိပါက တိုင်ကြားနိုင်သော်လည်း နယ်ဒေသများတွင် သယ်ယူစရိတ်နှင့် အခြားစရိတ်များရှိသောကြောင့် ဈေးနှုန်းအနည်းငယ် အပြောင်းအလဲရှိနိုင်သည်ဟု ဆိုသည်။

**(မန္တလေးနေ့စဉ်-ဇ)**

၀-၀-၀-၀

# ကျေးရွာစာကြည့်တိုက် အဆောက်အအုံ အောက်ခံခုံ(Foundation)ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ကျောက်ပန်းတောင်း အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် လယ်ယားတောင်ကျေးရွာအုပ်စု၊ တောင်ခြေကျေးရွာတွင် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် အဆောက်အအုံ အောက်ခံခုံ (Foundation)ပြီးစီးမှုအား အောက်တိုဘာ ၄ ရက် မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိမှ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်မေသက်နွယ်နှင့် ဝန်ထမ်းများသည် လယ်ယားတောင် ကျေးရွာအုပ်စု၊ တောင်ခြေကျေးရွာတွင် ကျေးရွာနေပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ ထောက်ပံ့မှုဖြင့် အလျား ၂၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုပ်ကာ (၁)ထပ် စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အောက်ခံခုံ (Foundation) ပြီးစီးမှုအခြေအနေအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြပြီး ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာကို စက်တင်ဘာ ၂၈ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ အောက်ခံခုံ (Foundation)ပြီးစီးပြီဖြစ်၍ လုပ်ငန်းအားလုံး၏ ၁၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၆)

၀-၀-၀-၀

# မြစိမ်းရောင်စီမံကိန်းဖြင့် နို့စားနွားမွေးမြူသည့်လုပ်ငန်းဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တောမကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးမွေးမြူရေးထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဒေသထွက်ကုန်အပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးစီမံကိန်းအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် နွားမွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့အောင်မြင်စေရေးအတွက် ပြောကြားခဲ့သည်။ ၎င်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်နှင့် မိတ္ထီလာခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက မိတ္ထီလာခရိုင်အတွင်း နွားမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြို့နယ်အတွင်း နွားမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြခဲ့သည်။ ယင်းနောက် ဥယျာဉ်ကျေးရွာမှ ဒေသခံပြည်သူများက ကျေးရွာအတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ရာ ညွှန်ကြားရေးမှူးချုပ်က တင်ပြချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မိတ္ထီလာမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်အတွင်း ပေါက်ပင်သာကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ မကျီးပင်ပုကျေးရွာ၊ အုတ်ကျင်းကျေးရွာ၊ ကန်သာအေးကျေးရွာ၊ မုန်ပင်ဆည်ကျေးရွာများတွင် နို့စားအကောင်အရေ ၈၂ ကောင် မွေးမြူထားပြီး နိုင်ငံတော်မှ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ဖြင့် ၁၈၀၀သိန်း မတည်ပေးထား၍ နို့စားနွားများ မွေးမြူထားပါကြောင်း မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။

(၄၆၉)

၀-၀-၀-၀

**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)အနိုင်၊ အရှုံး NGB**

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၁ | - | ၀ | လက်ချီ |
| အတ္တလန္တာ | ၅ | - | ၁ | ဂျီနိုအာ |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉)အနိုင်၊ အရှုံး NGB**

| | | | | |
|---|---|---|---|---|
| အက်စပန်ညို | ၂ | - | ၁ | မာယော့ကာ |
| ဂီတာဖေး | ၁ | - | ၁ | အိုဆာဆူနာ |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)အနိုင်၊ အရှုံး NGB**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၂ | - | ၂ | ဟော်စတိုင်း |
| ဝုဒ်ဒါဘရီမင် | ၀ | - | ၁ | ဖရိုင်းဘတ် |
| ယူနီယံဘာလင် | ၂ | - | ၁ | ဒေါ့မွန် |
| ဘိုချန် | ၁ | - | ၃ | ဝုဖ်ဘတ် |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)အနိုင်၊ အရှုံး NGB**

| | | | | |
|---|---|---|---|---|
| မိုနာကိုဘိုယန် | ၃ | - | ၁ | အော်ဇေး |

# နေ့စဉ်ဖတ်စာ

**နေ့စဉ်**

လူသားတို့၏ တန်ဖိုးအရှိဆုံးအရင်းအနှီးမှာ ငွေကြေး ဥစ္စာလော။ ကျန်းမာရေးဆုလာဘ်လော။ အသိပညာလော။ ရုပ်ရည် ရူပကာယ ချောမောခြင်းကို အလိုရှိသလော။ စိတ်၏ငြိမ်းချမ်းခြင်းကို အလိုရှိသလော။ စာဖတ်သူ ချစ်မိတ်ဆွေ၏ အရင်းအနှီးက ဘာကိုအလိုရှိပါသနည်း။ ထမင်းတစ်ပွဲလော။ ပေါင်မုန့်တစ်ခုလော။

ဤလူ ထိုလူမှာ အရေးအကြီးဆုံးအခြင်းအရာ နှစ်ခုရှိ၏။ ယခုအချိန်နှင့် ယခုရောက်နေသောနေရာက မိတ်ဆွေအတွက် အရေးကြီးတဲ့ အချိန်နဲ့နေရာဟု သတ်မှတ်ထားကြပါ၏။

ကမ္ဘာတွင် လူသားအားလုံး ဆင်းရဲသူ၊ ချမ်းသာသူ လူငယ်၊ လူရွယ်၊ လူကြီး မည်သူမဆို ကြွယ်ဝချမ်းသာတဲ့ အရင်းအနှီးတွေ ကိုယ်စီရှိနေကြ၏။ ထိုလူ ဤလူ၊ ထိုနေရာ ဤနေရာမှာ လိုအပ်နေတဲ့ ကြွယ်ဝချမ်းသာနေတဲ့ အရင်းအနှီးကတော့ ရေတံခွန်နဲ့ တူတဲ့ အချိန်ပဲ ဖြစ်ပါ၏။

**နံနက်ခင်း**

နေ့စဉ်ထဲက အချိန်အတိုင်းအတာ ပမာဏ တစ်ခု။

တစ်ရက်တာအချိန်များမှာ ဤလူ ထိုလူ၏ နေ့စဉ်ဘဝတစ်ခု ဖြစ်ပါ၏။

ယခင် ငယ်ငယ်တုန်းက နေ့စဉ် အချိန်တွေနဲ့ ဖွဲ့စည်းထားတဲ့ နေ့ရက်တွေ၊ လတွေ၊ နှစ်တွေများစွာ ကုန်လွန်ခဲ့သည်တွင် စာသင်ကျောင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း စာသင်ခန်းတွေထဲ မြန်မာဖတ်စာကို နေ့စဉ်ဖတ်ခဲ့ရ၏။ နေ့စဉ် ရေးခဲ့ရ၏။ မြန်မာကဗျာတွေနဲ့ မြန်မာပုံပြင်တွေနဲ့ ရင်းနှီးခဲ့ရသလို ညနေအချိန် ကျောင်းဆင်းခါနီး မြန်မာကဗျာတွေ ရွတ်ဆိုခဲ့တဲ့ အချိန်တွေမှာ အပျော်ဆုံးအချိန်တွေဟု ကလေးဘဝ မြန်မာကဗျာ၏ ရွတ်ဖတ်ခြင်းအရသာနဲ့ မွေ့လျော်ခဲ့ပါ၏။

ယခု အသက်အရွယ်အတန်ရလာ၍ စဉ်ဆက်မပြတ် သင်ယူလေ့လာမှုပြုမှသာ ဤလူ၊ ထိုလူ၏ ဘဝတစ်သက်တာ အသက်ရှည်ခြင်းမှာ အရေးမကြီး၊ ဘယ်သို့ အသက်ရှင်မည်သာ အရေးကြီးသည်ဟူသော သတင်းစကားတစ်ရပ်ကို ဘေလီ၏ အဆိုအရ သိရပါ၏။

**အသက်ရှင်သန်ခွင့်**

ရှင်သန်ခွင့်ရဲ့တန်ဖိုး ။ ဤလူ၊ ထိုလူ ဤမြို့၊ ထိုရွာ သွားလာနေထိုင်ရာတွင် အသက်သာ ပဓာနဖြစ်၍ အခြားသောအရာတို့ထက် အရေးကြီးပါ၏။

မျက်စိ၊ နား၊ နှာခေါင်း၊ လက်၊ ခြေ၊ ဦးနှောက်တွေ ကျန်းမာလျက် ရှင်သန်ခွင့်ရနေခြင်းမှာ လောကလူသား၏ မဟာအခွင့်အရေးဆုလာဘ်ကြီးဖြစ်၏။

**မွေ့လျော်ခြင်း**

လောကလူသားတွေထဲက မိမိမှာတော့ ဤအချိန်အခါတွင် မစိုးရိမ်သမိုင်းနှင့် သာသနာဝင် စာအုပ်ထဲက တေးထပ်မဟုတ်၊ တေးရိုးငယ်ကဗျာတစ်ပုဒ် ဖတ်ရှုရင်း စိတ်ဘဝင်မှာ နှစ်သက်မှုနဲ့ ကဗျာ၏ ရေးဖွဲ့ပုံ၊ ကဗျာ၏အလှတရားနဲ့ ရသပေးစွမ်းပုံက အံ့သြစရာ ကောင်းပါ၏။

ထိုစာအုပ်ကို ရေးသားသူမှာ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ဖြစ်ပေရာ မိမိသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သူငွေးကျောင်းတွင် နေထိုင်စဉ် ဝယ်ယူထားသော စာအုပ်ဖြစ်ပါ၏။

စာရေးစရာအကြောင်းရှာတဲ့အခါ ထိုစာအုပ်ထဲက ကဗျာကို ဖတ်ရှုရင်း မိမိတို့ အခြေခံပညာအထက်တန်း စာသင်ခန်းထဲ မြန်မာဖတ်စာ၊ မြန်မာကဗျာတွေ ဖတ်ခြင်း၊ မှတ်ခြင်း၊ ကျက်ခြင်းနဲ့ ကဗျာတွေကို မြန်မာစကားပြေ ပြန်ဆိုခြင်းတွေက မိမိ၏နှလုံးသားထဲ ပန်းဥယျာဉ်ထဲက ဖြူပြာနီဝါပန်းမာလာတွေ ရနံ့စုံနဲ့ ဖူးပွင့်ကြသည့်နှယ်။ စာရေးနေတုန်း အချိန်နဲ့နေရာတိုင်း ဖူးကြ၊ ပွင့်ကြ၊ ဖူးပွင့်လျက်ရှိနေမြဲဖြစ်ပါ၏။

မြန်မာစာ၊ မြန်မာကဗျာ တစ်ကြောင်းပြီးတစ်ကြောင်း၊ နောက်တစ်ကြောင်း မိမိ၏မျက်စိ အရွှေ့လျော်စွာ ဤသို့နှယ် စိတ်ဝင်စားစွာ ဖတ်ရှုလိုက်ပါ၏။

**တစ်နေ့ထက်တစ်နေ့**<br>
**တရွေ့ရွေ့ ယွင်းယို**<br>
**နောက်ပြန်လို့ မပျိုတယ်**<br>
**ရှေ့ကိုသာ အိုမြဲ ။**<br>
**သွားကျိုးလို့ ဆံဖြူ**<br>
**ရုပ်ငယ်မူ ဖောက်ပြန်လို့ လွဲ ။**<br>
**နံရိုးက ကြဲတဲတဲ**<br>
**လဲလုလု ရုပ်မခိုင် ၊**<br>
**ဇရာမင်း သူကိုင်လျှင်**<br>
**မခိုင်နိုင် အိုမြဲပ ။**<br>
**မလွဲဘူး ပုံသေသေ**<br>
**ဖွဲကြေ သံဝေ ။**<br>
**မအိုနိုင်တဲ့ နိဗ္ဗူမြေကို**<br>
**ဆောင်ပို့သူလေ ရှားလှချည်ကွဲ့လေး ။ ။**

**အိုခြင်းတရား**

လောကလူသားတွေ ဇာတိသဘောနဲ့ မွေးဖွားလာကြသည်နှင့် ရုပ်၏လှုပ်ရှားမှုနဲ့ နာမ်တရား၏ (တစ်နည်းအားဖြင့်)စိတ်၏သိမှုနဲ့ ကလေးဘဝ၊ လူငယ်ဘဝ၊ လူကြီးဘဝသည် အရွယ်အမျိုးမျိုးနဲ့ ဘဝမျိုးစုံ အမျိုးမျိုးနဲ့ နေလုံးနီနီပေါ်လာလိုက်၊ ပျောက်ကွယ်လိုက်နဲ့ နေ့ပေါင်းများစွာ ဖြတ်ကျော်၍ ရှင်သန်ခဲ့ကြလေပြီ။ အလှအပကို နှစ်လိုခုံမင်မြတ်နိုးတတ်သော လောကလူသားတို့တွင် ဤအမျိုးသမီး၊ ထိုအမျိုးသမီး၊ ဤအမျိုးသား၊ ထိုအမျိုးသား အလှတရားအတွက် ဆံပင်ပြုပြင်ခြင်း၊ မျက်နှာလိမ်းခြယ်ခြင်း၊ ကိုယ်ကာယလှပအောင် ပြုပြင်ခြင်းတွေနဲ့ ဘဝခန္ဓာထဲက ရုပ်တရားကို ငွေကြေးမြောက်မြားစွာနဲ့ အိုရုပ်ကို ဖုံးဖိ၏။ ပျိုနုတဲ့ ရုပ်သွင် ဖန်တီးသော်လည်း ရှေ့သို့ တိုး၍ ရုပ်တရားက အိုမြဲ အိုပါ၏။

စားလို့ ဝါးလို့ကောင်းတဲ့ သွားတစ်ချောင်း ကျိုးလာပြီ။ နေ့စဉ် အမြဲလှပအောင် ဆံပင်တွေ ဖြူ၊ နီ၊ ဝါ ဆိုးဆေးတွေနဲ့ ပြုပြင်သည်တွင် ပကတိ ဆံပင်နက်မှောင်အရောင်တို့ထဲ ဆေးမကူရတဲ့ ဆံဖြူလေးတွေ ထိုလူ၊ ဤလူတွင် တွေ့လာမြင်လာ၏။ ငယ်ရုပ်၊ ငယ်မူ၊ ငယ်သွေးတွေ ဖောက်ပြန်လာပြီ။

ဇရာ လွှမ်းမိုးလာတဲ့အရွယ် ရုပ်တရားက မခိုင်၊ လဲပြိုမှာ စိုးရလေပြီ။

မည်သို့ဆိုစေ မွေးစကလေး ရင်သွေးငယ်လည်း သူ့ရုပ်ရည်က အိုရုပ်အသွင် ရှေ့ရှုနှင်နေ၏။

လောကလူသားတွေ အိုခြင်းတရားနဲ့ မလွဲပုံသေ ဖွဲမြဲစွာ တွေ့ကြုံနေလေ၏။

**နိဗ္ဗူမြေ**

မအိုနိုင်တဲ့ နိဗ္ဗူမြေကို

ဆောင်ပို့သူလေ ရှားလှချည်ကွဲ့လေး ။

ထိုလူ၊ ဤလူ မည်သူမဆို မအိုချင်ပါ။ နုပျိုအမြဲ ရှိနေချင်သူတွေ။

မြတ်စွာဘုရား စတဲ့ အရိယာသူတော်ကောင်းတွေ မအိုနိုင်တဲ့ နိဗ္ဗူမြေကို လှမ်းကြွတော်မူကြလေပြီ။

နိဗ္ဗူမြေမှာတော့ မအိုတော့ဘူး။ မနာတော့ဘူး။ မသေတော့ပါဘူး။

ထို မအို၊ မနာ၊ မသေတဲ့ နိဗ္ဗူမြေကို ဘယ်လိုလူတွေက ဆောင်ပို့မှာလဲ။

မြတ်စွာဘုရားရှင်တို့သည် အနေကဇာတိသံသာရ်နဲ့ ဘဝများစွာ သံသရာဝယ် ကျင်လည်ရစဉ် ခန္ဓာအိမ် အကြိမ်ကြိမ်ဆောက်တဲ့ တဏှာယောက်ျား လက်သမားလက်ချက်ကြောင့် ထိုလက်သမားကို ငါတွေ့မြင်ပြီး တစ်ဖန် ခန္ဓာအိမ် မဆောက်တော့ကြောင့် ဥဒါန်းဒေသနာ ကျူးရင့်တော်မူလေပြီ။

**မြတ်ထေရ်ကျော်**

## လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲသီးနှံ ၇၇၃၂ ဧက လျာထား စိုက်ပျိုးသွားမည်

**ပွင့်ဖြူ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်၌ လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ဆောင်းသီးနှံ ထောပတ်ပဲ ၇၇၃၂ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများ ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေ တိုးပွားစေရန်နှင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံပိုလျှံစေရေးအတွက် ဈေးကွက်ရှိသည့် ထောပတ်ပဲသီးနှံအား စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုလာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်လည်း ထောပတ်ပဲသီးနှံအား ၇၇၃၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်သည်။ ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီရေးအတွက် နိုဝင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေဖို့၊ စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေဖို့အတွက် ရည်ရွယ်ပြီး ထောပတ်ပဲသီးနှံ ၇၇၃၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ တောင်သူတွေကိုလည်း ဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းနဲ့ပတ်သက်ပြီး သတ်မှတ်စိုက်ဧကတွေ ပြည့်မီအောင် စိုက်ပျိုးကြဖို့၊ ပန်းတိုင်အထွက်နှုန်းများ ရရှိအောင် စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြဖို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ယခုလက်ရှိမှာ တောင်သူတွေက ဆောင်းသီးနှံအချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ထောပတ်ပဲသီးနှံစိုက်ပျိုးခြင်းကို နိုဝင်ဘာလဆန်းလောက်မှ စတင်စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းသီးနှံအလိုက် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်းများရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးနည်းပညာများနှင့် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ သွင်းအားစုပစ္စည်းများစနစ်တကျ သုံးစွဲတတ်စေရေးစသည့် တောင်သူပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၄၅)



## ဟင်းသီးဟင်းရွက်နှင့်ငါးတွဲဖက်စားသုံးလျှင် အသက်ကြီးသူများ အာရုံကြောရောဂါကင်းမည်

ငယ်စဉ်ဘဝနှင့် လူလတ်ပိုင်းအရွယ်တွင် ဟင်းသီးဟင်းရွက်ကို စွဲစွဲမြဲမြဲစားသုံးရာမှ လူအချို့အနေဖြင့် အသက်ကြီးလာသောအခါ ဟင်းသီးဟင်းရွက်တစ်မျိုးတည်းကိုသာ စားသုံးသော အလေ့အကျင့် ရှိလာတတ်သည်။



ဟင်းသီဟင်းရွက်စားသုံးခြင်းသည် တစ်ကိုယ်ရေနေ့စဉ်ကျန်းမာရေးဘဝအတွက် ကောင်းမွန်သော်လည်း အသက်ဂုဏ်နှင့်ဝဝကျော်လာလျှင် ချတ်ယွင်းလာသော အာရုံကြောစနစ်ကို ဟင်းသီးဟင်းရွက်တွင် ပါဝင်သည့် အာဟာရဓာတ်က ထိန်းညှိပေးနိုင်ခြင်းမရှိဘဲ အာရုံကြောရောဂါများ ရရှိလာစေသည်။

သက်ကြီးပိုင်းအတွက် အာရုံကြော ကျန်းမာရေးကောင်းမွန်စေမည့် စားသောက်နည်း၊ အမျိုးမျိုးအကြောင်းကို အမေရိကန်ပြည်ထောင်စု လိုမာလင်ဒါ တက္ကသိုလ်လူထုကျန်းမာရေးကျောင်းမှ ပါမောက္ခဂယ်ရီဖရေဆာဦးဆောင်သော သုတေသီများ မကြာသေးမီက စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ဟင်းသီးဟင်းရွက်နှင့်ငါးတွဲဖက်စားသုံးလျှင်အသက်ကြီးသူများ အာရုံကြောရောဂါကင်းမည်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ SCI

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Wulei ကို Lay's Brand Spokesperson အဖြစ် ထပ်မံခန့်အပ်ခံရ




တရုတ်အနုပညာရှင်ဝူလိန်သည် အသက် ၁၆ နှစ်နှင့် ကိုယ်ပိုင်စတူဒီယို တည်ထောင်ထားသူဖြစ်ပြီး ၁၅နှစ်နှင့် Lays Brand Spokesperson ဖြစ်ခဲ့ရာမှ ၂၄နှစ်တွင် ထပ်မံ၍ ခန့်အပ်ခံရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝူလိန်နှင့် ဒုတိယအကြိမ်လက်တွဲခဲ့သော အဆိုပါ ကုမ္ပဏီက ဝူလိန် ၁၅ နှစ်အရွယ်က ကြေညာခဲ့သည်မှာ Heart Shaped Chips များဖြစ်ပြီး ၂၀၂၄ ခုနှစ် ၂၄ နှစ်အရွယ်တွင် Spice Soy pancake Chips များ ကြေညာခဲ့ခြင်းဖြစ်သည်။

ဝူလိန်ကို Young Boss မှ ကုန်အမှတ်တံဆိပ်ပွဲတွင် စာချုပ်ရေးထိုးချုပ်ဆိုရန် ခန့်အပ်ခဲ့ခြင်းဖြစ်ရာ ဝူလိန်မှာ အေဂျင်စီလက်အောက်ခံမင်းသားမဟုတ်ဘဲ ကိုယ်ပိုင်စတူဒီယိုရှိသူဖြစ်၍ တိုက်ရိုက်လက်ခံခဲ့ခြင်းဖြစ်သည်။

(SKY)

၀-၀-၀-၀-၀-၀



## Kim Sa Eun လက်ထပ်ပြီး ဆယ်နှစ်အကြာမှ ရင်သွေးရ

အနုပညာရှင်ဆောင်မင်နှင့် ကင်ဆာအွန်တို့ အနုပညာစုံတွဲ လက်ထပ်ပြီး ဆယ်နှစ်ကြာမှ ရင်သွေးလေးတစ်ဦးမွေးဖွားခဲ့၍ ပျော်ရွှင်ဝမ်းသာနေကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်မင်၏ အေဂျင်စီအက်စ်အမ်အင်တာတိန်းမင့်မှ ကိုယ်စားလှယ်တစ်ဦးက ဆောင်မင်နှင့် ကင်ဆာအွန်တို့ ပထမဆုံးရင်သွေးလေးရရှိခဲ့သည်ဟု တရားဝင် ထုတ်ပြန်ကြေညာပေးခဲ့သည်။

ကင်ဆာအွန်နှင့်ဆောင်မင်တို့ ၂၀၁၄ ခုနှစ်တွင် လက်ထပ်ခဲ့ကြပြီး ၂၀၂၄ ခုနှစ် ဆယ်နှစ်ကြာမှ ပထမဆုံးရင်သွေးလေး ရရှိခြင်းအတွက် ပရိသတ်များ၊ အနုပညာညီအစ်ကိုမောင်နှမများကလည်း ဂုဏ်ပြုစကားပြောကြားထားကြကာ အနုပညာဇနီးမောင်နှံနှစ်ဦးမှာ ပျော်ရွှင်နေကြပြီး လက်ရှိ ကင်ဆောအွန်းက အနုပညာလုပ်ငန်းများ ရပ်နားထားသည်။

(SKY)


## Ajay Devgan ၏ Singham Again ရုပ်ရှင်ကားကြီးတွင် အထူးဧည့်သည်ပါဝင်ထား

ဘောလိဝုဒ်နာမည်ကြီး မင်းသား အဂျေးလ်ဒေဂမ်၏ Singham Again ရုပ်ရှင်ကားကြီးတွင် ဘောလိဝုဒ်နာမည်ကြီးမင်းသားတစ်ဦး အထူးဧည့်သည်အဖြစ် ပါဝင်ထား၍ ပရိသတ်စိတ်ဝင်စားနေကြသည်။

အဆိုပါ ရုပ်ရှင်တွင် အထူးဧည့်သည်တော်အဖြစ် ရှာရွတ်ခန်က Jawan ရုပ်ရှင်ထဲမှ ဇာတ်ရုပ်ရဲအရာရှိတစ်ဦးအဖြစ် ပါဝင်ထားခြင်းဖြစ်သည်ဟု သိရသည်။

အဂျေးလ်ဒေဂမ်၏ ရုပ်ရှင်ကားများမှာ ပရိသတ်အားပေးမှု ရရှိထားပြီး ယခုဇာတ်ကားတွင် ရှာရွတ်ခန် ပါဝင်မည်ဆို၍ ပရိသတ်ပို၍ စိတ်ဝင်တစားစောင့်မျှော်နေကြသည်။

(SKY)







## Twice အဖွဲ့ သမိုင်းတစ်လျှောက် တက်ရောက်သူ အများဆုံး Concert ကို ပိုင်ဆိုင်ထား

ကေပေါ့ပ်ဂီတအဖွဲ့ တွိုက်စ်သည် Ready To Be World Touraka Stadium Tour ကြီးအပြီး ထုတ်ပြန်ချက်အရ နှစ်ပွဲပေါင်း လူအများဆုံး ဂီတဖျော်ဖြေပွဲဖြစ်ခဲ့သည်ဟု မီဒီယာရီပို့စ်အရ သိရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဂီတပွဲကို နီဆန်းအားကစားရုံတွင် ကျင်းပခဲ့ပြီး နှစ်ပွဲပေါင်းတက်ရောက်သူ တစ်သိန်းကျော်နှင့် သမိုင်းတစ်လျှောက် တက်ရောက်လာသူအများဆုံး ဂီတပွဲဖြစ်ခဲ့သည်။

တွိုက်စ်အဖွဲ့သည် ကေပေါ့ပ်အမျိုးသမီးကေပေါ့ပ်အဖွဲ့များစွာအနက် ဂီတပွဲတက်ရောက်ခဲ့သူအများဆုံး ပိုင်ဆိုင်ထားသည့်အဖွဲ့ဖြစ်ပြီး Most A Hended Concert by KPop Girl Groups in History ဆိုသည့် စံချိန်ကို သိမ်းပိုက်သွားခဲ့သည်။

(SKY)

## Jenniffer Lopez က အချစ်ဟာသဇာတ်လမ်းတွင် ပါဝင်ထုတ်လုပ်ထား

ဟောလိဝုဒ်အနုပညာလောကတွင် ဈေးပြိုင်ခေါ်နေကြသည့် နက်ဖလစ်၏ရုံးတွင်းအချစ်ဟာသဇာတ်ကားအတွက် တက်ဒ်လိုဆို၏ ဘရက်တ်ဂိုးလ်စတိန်းနှင့်အတူ ပါဝင်ရန် ဂျနီဖာလိုပက်ဇ် အခွင့်အရေးရရှိ၍ ထုတ်လုပ်ထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




ဂိုးလ်စတိန်းမှာ Office Romance ၏ တွဲဖက်စာရေးဆရာဖြစ်ပြီး ဂျနီဖာလိုပက်ဇ်နှင့်အတူ ထုတ်လုပ်သူများထဲတွင်လည်း ပါဝင်မည်ဖြစ်ကာ ကြီးကျယ်ခမ်းနားသည့် ဇာတ်ကောင်များပါဝင်သရုပ်ဆောင်ထားသည်ဟု ဖော်ပြထားသည်။

ဂျနီဖာလိုပက်ဇ်၏ ကုမ္ပဏီ Nuyorican Productions က ကွဲပြားသော အမျိုးသမီးသရုပ်ဆောင်များ၊ စာရေးဆရာများနှင့် ရုပ်ရှင်ရိုက်ကူးသူများအား ပံ့ပိုးပေးသည့် ပရောဂျက်များကို အလေးထားခြင်းဖြင့် နက်ဖလစ်တွင် ပါဝင်မည့် ရုပ်ရှင်ကားများကို နှစ်ရှည်ကြည့်ရှုရန် သဘောတူညီချက်ရှိသည်ဟု DeadLine သတင်းဌာနက ဖော်ပြထားသည်။ (SKY)

## Hu Ge နှင့် Wulei ကို သားအဖအဖြစ် သတ်မှတ်ခံရ

တရုတ်ဝါရင့် အနုပညာရှင် ဟူဂီ၏ အသက် ၄၂ နှစ်ပြည့် မွေးနေ့ပွဲတွင် ဝူလိန်နှင့်အတူ ရင်းနှီးစွာ တွေ့ကြရပြီး အနုပညာလောကမှ သားအဖအဖြစ် သတ်မှတ်ထားကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သူတို့နှစ်ဦးအတူ ပါဝင်ခဲ့သည့် Nirvana in Fire နှစ်ဦးသားတို့ တွေ့ဆုံမှုမှာ ကိုးနှစ်ပြည့်ခဲ့သောနှစ်လည်းဖြစ်ပြီး ဝူလိန်၏ စံပြမော်ဒယ်လ်ဆရာအစ်ကိုမှာ ဟူဂီ ဖြစ်ခဲ့သည်။

သူတို့နှစ်ဦးတွဲမြင်သည်နှင့် သားအဖဟု သတ်မှတ်ခံရကာ ဟူဂီက ဝူလိန်ကို သားတစ်ဦးကဲ့သို့ အကြောင်းရင်းသိခဲ့ပြီး ကလေးသရုပ်ဆောင်ဘဝမှစ၍ အရွယ်ရောက်သည့်တိုင် အတူလက်တွဲလုပ်ကိုင်ခဲ့ကြသူများ ဖြစ်ကြသည်။

ဝူလိန်ကလည်း ဟူဂီကို ဖခင်တစ်ဦးကဲ့သို့ လေးစားရိုသေ၍ ဇာတ်ကားများစွာတွင် အတူပါဝင်ထားကြပြီး ဟူဂီ၏ မွေးနေ့ပွဲကိုလည်း တက်ရောက်ဂုဏ်ပြုပေးခဲ့သည်။ (SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ခဲယဉ်းစွာ ကြိုးစားရရှိထားသော ရလဒ်များကို သီရိလင်္ကာအစိုးရအနေဖြင့် ကာကွယ်ရန်လိုအပ်

**ကိုလံဘို အောက်တိုဘာ ၅**

ခဲယဉ်းစွာ ကြိုးစားရရှိထားသော ချေးငွေဆိုင်ရာ ရလဒ်များကို သီရိလင်္ကာအစိုးရအနေဖြင့် ကာကွယ်ရန်လိုအပ်သည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အောက်တိုဘာ ၄ ရက်တွင် တိုက်တွန်းလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက ရွေးကောက်ပွဲနိုင်ပြီး သမ္မတအဖြစ်အာဏာရလာသည့် အနူရာကုမာရဒိသနာယကေနှင့် ထိုအဖွဲ့မှတာဝန်ရှိသူများ ကိုလံဘိုမြို့တော်၌ ပထမအကြိမ်တွေ့ဆုံဆွေးနွေးအပြီးတွင် ထိုသို့တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ချေးပေးထားသည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံနှင့်ပတ်သက်၍ မူဝါဒအပြောင်းအလဲများ ပြုလုပ်ပေးစေလိုကြောင်း သီရိလင်္ကာသမ္မတ အနူရာကုမာရဒိသနာယကေက တောင်းဆိုညှိနှိုင်းခဲ့သည်။

နိုင်ငံသားများအပေါ် ကျရောက်နေသော ပြည်ပကြွေးမြီဝန်ထုပ်ဝန်ပိုးကို ပြေလျော့စေရန်သာမက ဝင်ငွေနည်းသော အိမ်ထောင်စုများ၏ အခွန်ထမ်းတာဝန်ကို လျှော့ပေါ့ပေးရန်လည်း လိုလားသဖြင့် ၎င်းညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

**Mon**



**ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့ပြင်ရှိ ဆင်ဘေးမဲ့တောတွင် မိုးသည်းထန်ရေကြီးနေသဖြင့် ဆင်သုံးကောင် အောက်တိုဘာ ၄ ရက်က ကယ်ဆယ်ရေးအဖွဲ့အလာကို စောင့်ဆိုင်းနေကြစဉ်။**

**Mon**

## ဖော်တက်စ်ခယူးနှင့်လိုင်ဘားကုမ္ပဏီနှစ်ခုပူးပေါင်းကာ ကမ္ဘာ့အမြန်ဆုံး လျှပ်စစ်ကားအားသွင်းစနစ် တီထွင်

**ကင်ဘာရာ အောက်တိုဘာ ၅**

သြစတြေးလျအခြေစိုက် ဖော်တက်စ်ခယူးနှင့် ဂျာမနီ-ဆွစ်ဇာလန်အခြေစိုက် လိုင်ဘားကုမ္ပဏီနှစ်ခုပူးပေါင်းကာ ကမ္ဘာ့အမြန်ဆုံး လျှပ်စစ်ကားအားသွင်းစနစ် မကြာသေးမီက အောင်မြင်စွာတီထွင်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သတ္တုတွင်းတူးဖော်ရေးလုပ်ငန်း အဓိကလုပ်ဆောင်သော ဖော်တက်စ်ခယူးကုမ္ပဏီက သတ္တုတွင်းများတွင် သုံးသည့် လျှပ်စစ်ကုန်တင်ကားကြီးများရှိ ဘက်ထရီကို အားအမြန်သွင်းနိုင်ရန် လိုင်ဘားကုမ္ပဏီနှင့် ပူးပေါင်းတီထွင်ကြံဆရာမှ ထိုအမြန်ဆုံးအားသွင်းစနစ်ကို ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။



၆ မဂ္ဂါဝပ်ဒီစီအားသွင်းစက်ဖြင့် သတ္တုသယ်ယာဉ်ကြီးများတွင်ပါရှိသော ၁၉၀၀ ကီလိုဝပ်ဓာတ်အားကို မိနစ် ၃၀ အတွင်း ပြည့်အောင်သွင်းပေးနိုင်ကြောင်း မကြာသေးမီက လက်တွေ့မိတ်ဆက်ပြသခဲ့သည်။

အဆိုပါအားသွင်းစနစ်ကို တွင်ကျယ်စွာ အသုံးပြုလာနိုင်လျှင် လျှပ်စစ်ကားအကြီးစားများ အနာဂတ်တွင် အစင်းရေများလာမည်ဖြစ်သည်ဟု ဖော်တက်စ်ခယူးကုမ္ပဏီအမှုဆောင်ဥက္ကဋ္ဌ အန်ဒရူးဖောရက်စ်က ပြောကြားသည်။

**Mon**



## အိတ်ခ််စ်လူမှုကွန်ရက် ဘရာဇီးနိုင်ငံ၌ ပြန်ဖွင့်ခွင့်ရရန် ဒဏ်ကြေးပေးဆောင်သည့် နည်းလမ်းရှာကြံလျက်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၅**

အိတ်ခ်စ်လူမှုကွန်ရက် ဘရာဇီးနိုင်ငံ၌ ပြန်ဖွင့်ခွင့်ရရန် ဒဏ်ကြေးပေးဆောင်သည့် နည်းလမ်းရှာကြံလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါလူမှုကွန်ရက်အနေဖြင့် ဘရာဇီးနိုင်ငံ၌ ပုံမှန်ပြန်ဖွင့်ခွင့်ရရှိရန် ဒဏ်ကြေးအမေရိကန်ဒေါ်လာ ၅ ဒသမ ၂၄ သန်းပေးဆောင်ရမည် ဖြစ်သည်။

ထိုဒဏ်ကြေး၏ ငွေတစ်စိတ်တစ်ဒေသကို အိတ်ခ်စ်လူမှုကွန်ရက်ကုမ္ပဏီက လွှဲပေးလိုက်ပြီးဖြစ်သော်လည်း ငွေစာရင်းလွဲမှားနေကြောင်း ဘရာဇီးတရားရုံးချုပ်တရားသူကြီး အလက်ဇန်းဒါးဒီမိုရတ်စ်က ထုတ်ဖော်ပြောကြားသည်။

၎င်းသည် ဘရာဇီးသမ္မတဟောင်း ဘိုလ်ဆိုနာရိုဘက်မှ အားပေးထောက်ခံသော အကောင့်များကို ဖယ်ရှားမပေးသဖြင့် အိတ်ခ်စ်လူမှုကွန်ရက်ကို ပိတ်ပင်ကာ ဒဏ်ငွေလည်းချမှတ်ခဲ့သူဖြစ်သည်။

ယင်းတရားသူကြီးကို အိတ်ခ်စ်လူမှုကွန်ရက်ကုမ္ပဏီပိုင်ရှင် အီလွန်မတ်စ်က လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ဖိနှိပ်လွန်းသည်ဟု ဝေဖန်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ တရားသူကြီး အလက်ဇန်းဒါးဒီမိုရတ်စ်က ဘရားဇီးနိုင်ငံ၏ တည်ဆဲဥပဒေအရထုံးဖွဲ့စီရင်ခဲ့ခြင်းဖြစ်ရာ နောက်ဆုံးတွင် အီလွန်မတ်စ် ဒဏ်ကြေးပေးဆောင်မှ အိတ်ခ်စ်အကောင့် ၂၂ သန်းကျော် တရားဝင်ပြန်လည် အသုံးပြုခွင့်ရမည်ဖြစ်သည်။

**Mon**

## ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တစ်ဝန်းမှ ငွေလိမ်ဂိုဏ်းသား ၂၅၀ ဦးကျော် ဖမ်းဆီးရမိ

**မနီလာ အောက်တိုဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တစ်ဝန်းမှ ငွေလိမ်ဂိုဏ်းသား ၂၅၀ ဦးကျော်အထိ မကြာသေးမီက ဖမ်းဆီးရမိထားသည်ဟု ရဲတပ်ဖွဲ့ပြောခွင့်ရသူက အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်အစိုးရလက်အောက်ခံ အုပ်စုဖွဲ့ရာဇဝတ်မှုများ နှိမ်နင်းတိုက်ဖျက်ရေးအဖွဲ့က စီမံချက်များ ရေးဆွဲပြီး ငွေလိမ်ဂိုဏ်းများကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြည်ပမှ လာရောက်ဖွင့်လှစ်ထားသော ကုမ္ပဏီများ ငွေလိမ်မှုနှင့်ပတ်သက်ဆက်နွှယ်နေသည်ဟု ဖော်ထုတ်သိရှိခဲ့ရာ နှစ်လအတွင်း ဖျက်သိမ်းပြီး ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာရန် ရဲတပ်ဖွဲ့က ညွှန်ကြားထားသည်။

**Mon**



## သားအိမ်နှစ်ခုပါသော တရုတ်ကိုယ်ဝန်ဆောင်မိခင် သားနှင့်သမီးတစ်ဦးစီ အမြွှာပူးမွေးဖွားခဲ့သည်ဟု ဆို

**ပေကျင်း အောက်တိုဘာ ၅**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်းရှီပြည်နယ် ရှီအန်းပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာလက အမြွှာကလေးနှစ်ဦး မွေးဖွားခဲ့သော အမျိုးသမီးသည် သားအိမ်နှစ်ခုပါသူဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုမိခင်သည် အမျိုးသမီး ၂၀၀၀ တွင် တစ်ဦးတွေ့ရခဲသော သားအိမ်နှစ်ခုပါရှိသူဖြစ်ကြောင်း မကြာသေးမီက အဆိုပါဆေးရုံက အတည်ပြုလိုက်သဖြင့် တရုတ်အင်တာနက်လူမှုကွန်ရက်အတွင်း လူပေါင်းသန်းနှင့်ချီ၍ တအံ့တဩဖြစ်နေကြသည်။

အဆိုပါအမျိုးသမီးသည် ကိုယ်အလေးချိန် ၇ ပေါင် ၃ အောင်စရှိသော သားနှင့် ၅ ပေါင် ၅ အောင်စရှိသော သမီးကို သားအိမ်တစ်ခုစီမှ တစ်ပြိုင်တည်း မွေးဖွားခဲ့သဖြင့် အံ့သြနေကြခြင်းဖြစ်သည်။

၎င်းအနေဖြင့် ပထမကိုယ်ဝန်ပျက်ကျခဲ့ပြီးနောက် ဒုတိယကိုယ်ဝန်ဆောင်မှ ယင်းအမြွှာသားနှင့်သမီးကို မွေးဖွားနိုင်ခဲ့ခြင်းဖြစ်သည်။

**Mon**

## ဂေဟစနစ်ဆိုင်ရာ အကျိုးသက်ရောက်မှုများကြောင့် နှစ်ပေါင်း ၁၃၀၀၀၀ အတွင်း ငှက်မျိုးစိတ် ၆၁၀ မျိုးသုဉ်းခဲ့

**ဝါရှင်တန် အောက်တိုဘာ ၅**

ဂေဟစနစ်ဆိုင်ရာ အကျိုးသက်ရောက်မှုများကြောင့် နှစ်ပေါင်း ၁၃၀၀၀၀ အတွင်း ငှက်မျိုးစိတ် ၆၁၀ မျိုးသုဉ်းခဲ့သည်ဟု ဗြိတိန်နိုင်ငံမှ တွမ်မက်သယူးဦးဆောင်သော ငှက်သုတေသီများ မကြာသေးမီက တင်ပြခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ငှက်အချို့သည် ၎င်းတို့၏ စားကျက်တွင် ပေါက်ရောက်သော သီးနှံများမှထွက်ရှိသည့် အစေ့အဆန်များ ရာသီဥတုအပြောင်းအလဲကြောင့် ကွယ်ပျောက်သွားရာမှ အကောင်ရေနည်းပါးကာ မျိုးသုဉ်းသွားခြင်းဖြစ်သည်ဟု ထိုသုတေသီများ သုံးသပ်သည်။

လူသားတို့၏ မဆင်မခြင်ပြုမူမှုသည် ငှက်အများစုမျိုးသုဉ်းပျောက်ကွယ်ရခြင်း၏ အဓိက အကြောင်းအရင်းဖြစ်သည်ဟု ၎င်းတို့က ကောက်ချက်ချခဲ့သည်။



**Mon**

# ပုဂံမြို့ဟောင်း အနော်ရထာနစ်လမ်းသွားပေါ် လဲကျနေသည့် ကုက္ကိုပင်အား မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်း



**ညောင်ဦး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊တောင်ဘီကျေးရွာ ပုဂံမြို့ဟောင်း၊ ရွှာဟောင်းကြီး ဘုရားအနီး အနော်ရထာနစ်လမ်းသွား ကားလမ်းမကြီးပေါ်တွင် ယမန်နေ့ ညနေ ၅ နာရီက ကုက္ကိုပင် လဲကျလမ်းပိတ်ဆို့နေခြင်းအား ညောင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်းဖယ်ရှားပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ လမ်းပိတ်ဆို့လဲကျနေသည့် ကုက္ကိုပင်အား ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၈ ဦး၊ အထောက်အကူပြု ယာဉ်တစ်စီး၊ အမှတ်(၅)အရန်မီးသတ်တပ်ဖွဲ့မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇ ဦး၊ လူမှုကူညီရေးယာဉ်တစ်စီးတို့ဖြင့် သွားရောက်ရှင်းလင်းခဲ့သည်။

အဆိုပါ ကုက္ကိုပင်သည် ပင်စည်လုံးပတ် လေးပေပတ်လည်ခန့်၊ အမြင့်ပေ ခြောက်ဆယ်ခန့်ရှိ ကုက္ကိုပင်သည် မိုးရွာသွန်းမှုကြောင့် မြေသားခိုင်မာမှုမရှိဘဲ အမြစ်အခြေမှလန်ကာ လဲကျပြီး ညောင်ဦးမြို့မှ ပုဂံမြို့သစ်သွား အနော်ရထာနစ်လမ်းသွား ကားလမ်းမပေါ်တွင် လမ်းပိတ်ဆို့လဲကျခဲ့ခြင်းကြောင့် သွားရောက်ရှင်းလင်းခဲ့ကြောင်းသိရကာ ကုက္ကိုပင်လဲကျမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။ (၄၈၁)

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၃ ရက် ညနေ ၄နာရီက သက်သေများနှင့်အတူ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာအနီးတွင် နေဇော်ရဲနှင့်အောင်မြင့်မြတ်ဆိုသူတို့အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ သီဟထွန်းဆိုသူအား သာစည်မြို့နယ်၊ ဘုရားငါးဆူကျေးရွာအနီးတွင် မော်တော်ဆိုင်ကယ် တစ်စီး၊ လက်ကိုင်ဖုန်း တစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် နေဇော်ရဲ(၂၅နှစ်)၊ အောင်မြင့်မြတ်(၂၁နှစ်)နှင့် သီဟထွန်း(၂၀နှစ်)ဆိုသူတို့အား ယင်းမာပင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Cho Lei Lei Thin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာနေ ချိုလဲ့လဲ့သင်းကို မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက် ညနေ ၅နာရီ ၄၅မိနစ်က သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်တွင် တရုတ်နိုင်ငံသား အားဖူဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသော ကျောပိုးအိတ်အတွင်းမှ စိတ်ပြောင်းဆေးဝါး ကက်တမင်း အလေးချိန် ၈၇၅ဂရမ် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အားဖူ(၃၈နှစ်)ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ**

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILOဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU)ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကိုအမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင် ရွက်ပေးလျက်ရှိရာ မည်သူမဆိုအဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင်(သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@gmail.com, research. org.dol.mm@gmail.com များသို့ လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၅

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်း စာရင်းစစ်၊ စာရင်းကောက်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်နှင့် သစ်ဝင်တိုင်းကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်နှင့် မင်္ဂလာဒီပရပ်ကွက်တို့သို့ သွားရောက်ပြီး ရပ်ကွက်/ကျေးရွာ ကောက်ကွက်များအလိုက် မြို့နယ်စာရင်းစစ်၊ စာရင်းကောက်များက တစ်အိမ်တက်ဆင်း လှည့်လည်ကာ Mobile Tablet များဖြင့် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများ မေးမြန်းကောက်ယူနေမှုနှင့် ဒေသခံပြည်သူများ စိတ်ဝင်တစားပြန်လည်ဖြေကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များမှာကြားညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကောက်ကွက်ပေါင်း ၂၆၅၆ ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၁၃၁၇ ဦးက တက်ညီလက်ညီဖြင့် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများကို Mobile Tablet များဖြင့် တစ်အိမ်တက်ဆင်း မေးမြန်းကောက်ယူလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

မော်လမြိုင် အောက်တိုဘာ ၅

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဖတ်ကြားသည်။

ထို့နောက် မွန်ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားကာ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ပြည်နယ်အဆင့် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

### ဂုဏ်ပြုဆုငွေပေးအပ်

ဆက်လက်၍ မော်လမြိုင်မြို့နယ်မှ ဆရာဆရာမများက မြတ်ဆရာတေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်




ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပေးခဲ့ကြသည့် ဆရာဆရာမများအား ဂုဏ်ပြုဆုငွေပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကန်တော့ခံ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၅

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်ထူထပ်ပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်ထူထပ်ပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/ဇလ**

# သီတင်းကျွတ်ကာလ မုံရွာမြို့ရှိ မီးပုံးအရောင်းဈေးကွက် စတင်



သီတင်းကျွတ်ကာလတွင် ရည်ရွယ်ချက်ကိုယ်စီဖြင့် ဆီမီးပူဇော်ရန် မီးပုံးမျိုးစုံပြုလုပ်ကြ ဝယ်ယူလေ့ရှိကြရာ မုံရွာမြို့ရှိ မီးပုံးအရောင်းဈေးကွက် စတင်နေပြီဖြစ်သည်။

"မြန်မာ့လက်မှုပညာလည်း ထိန်းသိမ်းရင်း ဒီဇိုင်းတွေမှာလည်း ကလေးတွေ ပုံစံအဆန်းတွေ မက်မောအောင် နှစ်တိုင်းထွင်လုပ်ရပါတယ်။ မီးပုံးအရုပ်ချိုးဖို့ တန်ခူးလကတည်းက ကြိုတင်ပြင်ဆင်ရပါတယ်။ ဝါး၊ မှန်စာရွက်အကြည်နဲ့ ကော်စေးကို ကုန်ကြမ်းအသုံးပြုပြီး ပန်းချီရုပ်ပုံရေးဆွဲလို့ နှစ်စဉ် အမျိုးပေါင်း ၂၀ကျော် ထုတ်ပါတယ်"ဟု မုံရွာမြို့မှ မီးပုံးချိုးသူက ပြောသည်။

မုံရွာဈေးကွက်သို့ တရုတ်မီးပုံးများ ဝင်ရောက်မှုရှိသော်လည်း ရိုးရာလက်မှုပညာ မြတ်နိုးသူများက အဓိကထား ဝယ်ယူကြခြင်းရှိ၍ မုံရွာမြို့ပေါ်ဈေးကွက်နှင့် နယ်ဈေးကွက်များတွင် မြန်မာ့မီးပုံးအရုပ်များ၊ မီးပုံးခွက်များ အရောင်း ခိုင်မာနေသည်။

"မီးပုံးဈေးက အနည်းဆုံး ငွေကျပ် ၁၀၀၀ မှ ငွေကျပ် ၇၀၀၀ ကြား ရောင်းပါတယ်။ ပြီးခဲ့တဲ့လ ၂၀ ရက်လောက်က စရောင်းနေကြတာပါ။ အခုလောလောဆယ် တစ်ရက်ကို ငွေကျပ်တစ်သိန်းနဲ့ တစ်သိန်းခွဲဖိုးလောက်တော့ ရောင်းရပါတယ်။ သီတင်းကျွတ်လပြည့် ကာနီးလေ ရောင်းရလေပါ"ဟု မုံရွာမြို့၊ ဒေါနခြံရပ်ကွက်ရေစင်ကြီးအနီး ပြည်ထောင်စုလမ်းတွင် ရောင်းချနေသော မီးပုံးဈေးသည်က ပြောသည်။

မုံရွာအရောင်းဆိုင်များတွင် မီးပလုံး၊ မီးလင်းစကုတ်၊ မီးလင်းငှက်မွေးစကုတ်၊ အရုပ်မီးလင်းလေးများကို ဈေးကွက်တင်ရောင်းချနေရာ မိန်းကလေးငယ်အများစုသည် မီးလင်းစကုတ်များကို အထူးကြိုက်နှစ်သက်ကြသည်။ မြန်မာမီးပုံး၊ မီးဆိုင်းအရုပ်နှင့် ရောင်စုံဆီမီးခွက်များသည် သီတင်းကျွတ်ကာလရှိနေသရွေ့ ဆက်လက်တည်ရှိနေဦးမည်ဟု မြန်မာမှု မြတ်နိုးသူတစ်ဦးက ဆိုသည်။

နှစ်စဉ်မှုကြိုကျောင်းတက်နေကြသည့် ကလေးငယ်များကို သီတင်းကျွတ်ကာလရောက်လျှင် ကျောင်းမှ ဆရာမများက ကလေးငယ်များကို လက်ဆောင်ပေးရန် ဝယ်ယူလေ့ရှိကြသလို ကလေးငယ်အချင်းချင်း လက်ဆောင်ပေးရန် ဝယ်ယူမှုများလည်း ရှိကြကြောင်း သိရသည်။ (၃၉၄)



# မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက်ဆင်ဖြူတော်ဘုရားကြီးမွှာရုံတွင် မြို့ပေါ်(၈)ရပ်ကွက်မှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

မွေးကင်းစမှ အသက်တစ်နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ဒုတိယ)အကြိမ်၊ ခြောက်လတွင် (တတိယအကြိမ်) ထိုးနှံရပြီး အသက်ကိုးလတွင် ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး(ပထမ)အကြိမ်နှင့် အသက်တစ်နှစ်ခွဲမှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ) ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**စော်ဝမ်းထွန်း(အောင်လံ)**

# Smart Village စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ(၃)ရွာ၌ လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးထားသည့်အပြင် သမဝါယမအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ပေးမည်

**မန္တလေး အောက်တိုဘာ ၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး မြို့နယ် (၃)မြို့နယ်အတွင်းရှိ Smart Village စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ(၃)ရွာ၌ မန္တလေးတိုင်း သမဝါယမဦးစီးဌာနအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးထားသည့်အပြင် သမဝါယမအရောင်းဆိုင်များ ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေသည်။

အဆိုပါ Smart Village စီမံကိန်းသည် ငါးနှစ် စီမံကိန်းဖြစ်ပြီး ယင်းစီမံကိန်းသည် ဌာနဆိုင်ရာများအားလုံးမှ ပူးပေါင်းကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုနှစ်၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃)မြို့နယ်အတွင်း ကျေးရွာ(၃)ရွာတွင် Smart Village စီမံကိန်းကိုဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းသမဝါယမဦးစီးဌာနအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးထားသည့်အပြင် သမဝါယမအရောင်းဆိုင်များ ဖွင့်လှစ်ပေးနိုင်ရေးစီစဉ်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



Smart Village စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများသည် အဆင့်မီ စံပြကျေးရွာဖြစ်ပေါ် နိုင်စေရေးအတွက် အဆိုပါ ကျေးရွာများ၌ နေထိုင်ကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အကျိုးရှိရှိလုပ်ဆောင်ရာမှာ လိုအပ်သည့် လက်မှုလယ်ယာကနေ စက်မှုလယ်ယာ အဆင့်မြင့်သုံးစွဲနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို ပံ့ပိုးပေးခြင်းဖြစ်ပြီး ထို့အပြင် ကျေးရွာ၌ နေထိုင်သူများ ပစ္စည်းမှန်၊ ဈေးနှုန်းမှန် ဝယ်ယူစားသောက်နိုင်ရေးအတွက် သမဝါယမအရောင်းဆိုင်များကို ဖွင့်လှစ်ပေးသွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)

(၀၇၃)

# မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက်ဧက ၉၉၅၃ ဧက စိုက်ပျိုးပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက်ဧက ၉၉၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက မိုးစပါးကို ဆည်ရေ၊ ကန်ရေသောက်စနစ်ဖြင့်လည်းကောင်း၊ ဆည်ရေ၊ ကန်ရေမရသည့် ဒေသများတွင် မိုးကောင်း ရေသောက်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက်ဧက ၁၃၀၆၁ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး မိုးစပါးများကို ဩဂုတ်လပထမပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိသည်။ ယင်းသို့ စိုက်ပျိုးရာတွင် မိုးစပါးကို ပျိုးထောင်စိုက်ပျိုးသည့် စနစ်၊ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးသည့် စနစ်များဖြင့် စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရာတွင်လည်း ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မနောသုခ၊ ဆင်းသုခမျိုးစပါးများကို အဓိကစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါးစိုက်ပျိုးဧက ၉၉၅၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

အဆိုပါ မိုးစပါးစိုက်ဧကများ အနက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးကို ထမုန်ကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ တောမကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ ခင်လူးကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀ ၊ ရှမ်းတဲကျေးရွာအုပ်စုတွင် စိုက်ဧက ၃၀၊ ကဖြူကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ဇောင်းချမ်းကုန်းကျေးရွာအုပ်စုတွင် စိုက်ဧက ၃၀၊ မကျီးစုကျေးရွာအုပ်စုတွင် စိုက်ဧက ၄၀၊ လှော်ဖြူကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ကွက်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၅၀ စုစုပေါင်း စိုက်ပျိုးဧက ၆၀၀ကို စိုက်ပျိုးထားရှိကြောင်း သိရသည်။ (ဝဲပုံ)

(၄၆၉)



# အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**ဟိုပုံး အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေသဦးစီးမှူး ဦးဝင်းကျော်မျိုးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ (အောက်ပုံ)

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်လှသိန်း၊ ဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်း၊ ဒေသပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်း၊ ဒေသအသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းမှထွက်ရှိသော ကုန်ချောပစ္စည်းများအား သင်တန်းသူများ လက်ဝယ်သို့ ပေးအပ်သည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းအား စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ သင်တန်းသူ ၁၄ ဦးဖြင့် တစ်လတာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းအား အောက်တိုဘာ ၁၄ ရက်မှ ၂၈ ရက်အထိ ၁၅ ရက်တာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကာ ထူးချွန်သင်တန်းသူ ၅ ဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်၍ လုပ်ငန်းထူထောင်ရန် လိုအပ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆၈)



## စကုမြို့မှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သော မှန်ကင်းရုပ်စုံကျောင်း



ရှေးခေတ်မြန်မာဘုန်းတော်ကြီးကျောင်းများကို ဘုရင်၊ မင်းမိဖုရားနှင့် သူဌေး၊ သူကြွယ်၊ ကုန်သည်ပွဲစားများက ဆောက်လုပ်၍ ကိုးကွယ်ခဲ့ကြသည်။ ထိုဘုန်းတော်ကြီးကျောင်းများမှ ဗုဒ္ဓဝင်လာ ငါးရာငါးဆယ်ဇာတ်နိပါတ်တော်များကို ပန်းပုလက်ရာများအဖြစ် ထုလုပ်၍ တန်ဆာဆင်ထားသောကျောင်းကို ရုပ်စုံကျောင်းဟု ခေါ်သည်။

ယင်းရုပ်စုံကျောင်းများအနက်မှ စကုမှန်ကင်းရုပ်စုံကျောင်းသည် စကုမြို့၊ အမှတ်(၁)ရပ်ကွက်တွင် တည်ရှိသည်။ သက္ကရာဇ် ၁၈၆၆ ခုနှစ်တွင် ကျောင်းအမကြီးဒေါ်ငြိမ်းကောင်းက ကျွန်းတိုင် ၁၃၆ လုံးကို အင်္ဂတေအုတ်ဖိနပ်များခံ၍ စိုက်ထူတည်ဆောက်ခဲ့ပြီး အလျား ၁၃၁ ပေ၊ အနံ ၆၅ ပေခွဲရှိကာ ရုပ်စုံကျောင်းကို ပြာသာဒ်ဆောင်၊ စနုဆောင်နှင့် ဆောင်မကြီးတို့ဖြင့် ဖွဲ့စည်းထားသည်။ စနုဆောင်တစ်ဖက်တစ်ချက်တွင် ပစ္စည်းများ သိုလှောင်သိမ်းဆည်းရန်၊ ဝဲဆောင်နှင့် ယာဆောင်ဟု ခေါ်သည့် အဆောင်ပိုတစ်ခုစီကို ထည့်သွင်းတည်ဆောက်ခဲ့သည်။ ကျောင်းပေါ်သို့တက်ရန် မြောက်ဘက်တွင် အုတ်လှေကားနှစ်ခုနှင့်တောင်ဘက်တွင် အုတ်လှေကားတစ်ခုရှိကာ ဆောင်မကြီးတွင် ကိန္နရာရုပ်များ ထွင်းထုထားသည့် တံခါးရွက်များကို တပ်ဆင်ထားသည်။ ကျောင်းတိုင်များကို သဲကျောက်အဖုံးများဖြင့် အုပ်ထားပြီး ကျောင်း၏ လက်ရန်းပတ်လည်တွင် ဗုဒ္ဓဝင်ဇာတ်ကွက်သစ်သားရုပ်များသာမက ကုန်းဘောင်ခေတ်၏ လူနေမှုဘဝသရုပ်ဖော်များကိုပါ ထုလုပ်တပ်ဆင်ခဲ့သည်။

မှန်ကင်းရုပ်စုံကျောင်း၏ အနောက်မြောက်ဘက်တွင် စူဠပဒုမဇာတ်တော်မှ ဇာတ်ကွက်များကို ထုလုပ်ထားပြီး အရှေ့တောင်ထောင့်တွင် ဥတ္တေနဇာတ်တော်မှ ဇာတ်ကွက်နှင့် မြောက်ဘက်တွင် မမယ်ဥဇာတ်ကွက်များကို ထုလုပ်ထားသည်။ ထို့အတူ နဂါးရုပ်၊ ဘီလူးရုပ်၊ ဝန်ကြီး၊ စစ်သူကြီး၊ ရသေ့စသည့် အရုပ်များကိုလည်း ထည့်သွင်းထုလုပ်ထားသည်။

စကုမြို့တွင် ရှိသည့် ထင်ရှားသော သစ်သားကျောင်းများအနက် ပထမတိုက်အုတ်ကျောင်း၊ သုံးထပ်ရုပ်စုံကျောင်းနှင့် မှန်ကင်းရုပ်စုံကျောင်းတို့သည် အထူးထင်ရှားကြသည်။ ထို့အတူ ပွင့်ဖြူမြို့နှင့် စကုမြို့ကြား လယ်ကိုင်းမြို့ဟောင်းရှိ လယ်ကိုင်းရုပ်စုံကျောင်းသည်လည်း စကုမြို့အနီးတွင် တည်ရှိကာ အလွယ်တကူ သွားရောက်လေ့လာနိုင်ကြသည်။

ဤကဲ့သို့ ရုပ်လုံးရုပ်ကြွပေါ်လွင်အောင် ထုလုပ်ထားသည့် ရုပ်စုံကျောင်းများမှ ပြောင်မြောက်လှသည့် ပန်းပုလက်ရာများကို လေ့လာသုံးသပ်၍ မြန်မာဘုန်းတော်ကြီးကျောင်းများ၏ ခေလ့ထုံးစံသတ်မှတ်ချက်များနှင့်မြန်မာဗိသုကာပညာရှင်တို့၏ လက်ရာနှင့်အတွေးအခေါ်အယူအဆတို့မှာ အဆင့်တန်းမနိမ့်လှကြောင်း ဖော်ပြနေပါတော့သည်။

(၅၀၄)



## သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ Clean and Green Schools award ဆုချီးမြှင့်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ရွှေဘို အောက်တိုဘာ ၅**

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ Clean and Green Schools Award ဆုချီးမြှင့်နိုင်ရေးအတွက် အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ဆုရွေးချယ်ရေးကော်မတီအဖွဲ့မှ အမှတ်(၃)၊ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ရွှေဘိုခရိုင်ပညာရေးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်သစ်တောဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သည့် ကော်မတီဝင်များက ဆုရွေးချယ်နိုင်ရေးအတွက် အမှတ်(၃)၊ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်စစ်ဆေးပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျောင်းအကျိုးတော်ဆောင်များ၊ မိဘ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများClean and Green Schools Award ဆုလျှောက်ထားရာတွင် သတ်မှတ်ထားသည့် အခြေခံစံနှုန်း(၄)ချက်နှင့် အညွှန်းကိန်း(၁၇)ချက်ဖြင့်သာ ဆုရွေးချယ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဆုရွေးချယ်ရေးကော်မတီဝင်များက ကျောင်းပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သတ်မှတ်ထားသော အခြေခံစံနှုန်း(၄)ချက်၊ အညွှန်းကိန်း(၁၇)ချက်နှင့်အညီ ကိုက်ညီမှု ရှိ၊ မရှိတို့အား ကွင်းဆင်းအကဲဖြတ်စစ်ဆေးခဲ့ကြရာ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက မိမိတို့ကျောင်းများတွင် ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံပြသခဲ့ကြသည်။ (အပေါ်ပုံ)

ယင်းသို့ ကွင်းဆင်းအကဲဖြတ်စစ်ဆေးခဲ့သည့် ရလဒ်များအပေါ်မူတည်၍ အထက်တန်းအဆင့် ကျောင်းတစ်ကျောင်းနှင့် မူလတန်းအဆင့် ကျောင်းတစ်ကျောင်းအား ဆုစိစစ်ရွေးချယ်ရေးအဖွဲ့မှ ဆုရွေးချယ်ကာ ဆုရကျောင်းများကို တိုင်းဒေသကြီးနှင့် ခရိုင်များက ကျင်းပမဲ့ဖြစ်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် Clean and Green Schools Award ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရှရီရှရီဆာရဒီယာဒူရ်ဂါပူဂျာပွဲတော် မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

ဟိန္ဒူဘာသာဝင်များ၏ အားထားယုံကြည်ကိုးကွယ်ရာဖြစ်တော်မူသော ရှရီရှရီဆာရဒီယာ ဒူရ်ဂါဒေဝီ-စန္ဒီမယ်တော် ပူဇော်ပွဲတော်ကို မန္တလေးမြို့ရှိ ဟိန္ဒူဘုရားကျောင်းအသီးသီးတို့တွင် အောက်တိုဘာ ၃ရက်မှ စတင်၍ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက်ရှိသည့်အပြင် ဟိန္ဒူဘာသာဝင်များ၏နေအိမ်များတွင်လည်း ဒူရ်ဂါပူဇာပူဇော်ပွဲကို မိသားစုလိုက် ဥပုသ်သီတင်းသီလ ဆောက်တည်၍ ပူဇော်လျက်ရှိသည်။

အဆိုပါ စန္ဒီမယ်တော် ပူဇော်ပွဲကို အောင်မြေသာစံမြို့နယ် ၈၆ လမ်း၊ ၁၂ လမ်းနှင့် ၁၃လမ်းကြားရှိ သီရိဦပဟိန္ဒူဘုရားကျောင်းတွင် ဂေါပကအဖွဲ့မှ ကြီးမှူး၍ အောက်တိုဘာ ၃ရက်မှ ၁၂ ရက်အထိ နံနက်ပိုင်းနှင့်ညပိုင်းတို့တွင် ၁၀ ရက်တိုင်တိုင် ဆင်ယင်ကျင်းပလျက်ရှိပြီး ဒေသခံရပ်ကွက်မှ ဟိန္ဒူဘာသာဝင်မိသားစုများအပြင် မန္တလေးမြို့တွင်း၊ မြို့ပြင်တို့မှ ဟိန္ဒူဘာသာဝင်မိသားစုဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်းလှူဖွယ်ပစ္စည်းများ အချိုမုန့်ပရဆာဒ်တို့အပြင် အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဓမ္မတေးများရွတ်ဆိုပူဇော်ကြကြောင်းနှင့်ပွဲတော်ရက် ညပိုင်းတွင် အလှူရှင်မိသားစုများက ဘုရားကျောင်းပွဲတော်လာများ မိတ်သင်္ဂဟများကို အိန္ဒိယအစားအစာဖြင့် စေတနာကျွေးမွေးဧည့်ခံလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ ၁၉လမ်းနှင့် ၆၂ လမ်းထောင့်တွင် တည်ထားကိုးကွယ်လျက်ရှိသော ဆုတောင်းပြည့် ရှရီမဟာကာလီမယ်တော်ကြီးဘုရားကျောင်းတွင် အောက်တိုဘာ ၃ ရက်မှ စတင်ကာ နံနက်ပိုင်းတွင် ဟိန္ဒူထုံးတမ်းစဉ်လာအရ ဝတ်စားဆင်ယင်၍ နို့အိုးထမ်းကာ သာသနာ့အလံတင် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြပြီး နံနက်ပိုင်းမှ ညနေ ၆ နာရီ မင်္ဂလာအချိန်တွင် ပူဇော်ပွဲများကို နှစ်စဉ်အလှူရှင်များမှ စုပေါင်းတာဝန်ယူကြကာ အောက်တိုဘာ ၁၃ ရက်အထိ စေတနာထမင်းကျွေးခြင်းကို လှူဒါန်းကုသိုလ်ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါဘုရားကျောင်းတွင် အနယ်နယ်အရပ်ရပ်မှ မယ်တော်ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ (အပေါ်ဝဲပုံ)(၀၄၀)

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြန်မာစာသတ်ပုံအမှန်ရွေးချယ်ပြိုင်ပွဲ ကျင်းပ

**မြို့သစ် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ မြန်မာစာလုံးပေါင်းသတ်ပုံအမှန်များ သိရှိစေရန် ရည်ရွယ်၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြန်မာစာသတ်ပုံအမှန်ရွေးချယ်ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲတစ်နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပသည်။

အဆိုပါ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြန်မာစာသတ်ပုံအမှန်ရွေးချယ်ပြိုင်ပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့် (Grade-3) ကျောင်းသား၊ ကျောင်းသူ ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်နှင့် ဆရာ၊ ဆရာမများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀



အသက်သည် သွေး သွေးသည် အသက် ။

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ ဏ္ဌာ ရာဇ် များ (၉၀)

## သွယ်အောင်

၁၉၉၀ ပြည့်နှစ် တစ်နှစ်လုံး ကဗျာရေးခြင်း၊ စာရေးခြင်းအလုပ် အများဆုံးလုပ်ဖြစ်သည်။ မိဘလုပ်ငန်းဖြစ်သည့် ဖိနပ်လုပ်ငန်းတွင်လည်း လုပ်ကိုင်ခြင်းမရှိဘဲ သူငယ်ချင်း ကဗျာဆရာများနှင့် လက်ဖက်ရည်ဆိုင်ထိုင် ကဗျာအကြောင်း၊ စာအကြောင်းပြောရင်း အချိန်တွေ ကုန်ဆုံးစေခဲ့ သည်။

မဂ္ဂဇင်းများတွင်လည်း ကဗျာအတော်များများ ပုံနှိပ်ဖော်ပြပါရှိနေသဖြင့် ကိုယ့်ကိုယ်ကိုယ် ကဗျာဆရာအဖြစ် ခံယူပြီး ဘဝင်လေဟပ်နေမိသည်။ ကျွန်တော့်၏ နေပုံထိုင်ပုံကို ကြည့်၍ မိဘများကလည်း ကျွန်တော့်ကို သိပ်ကြည့်မရမှန်း သိနေသည်။

တစ်ရက် ကျွန်တော့်အမေက ကျွန်တော် ထမင်းစားနေတုန်း စကားလာပြောသည်။ အမေပြောသည့်စကားမှာ ခါတိုင်းလို သာမန်ပြောနေကျစကားပဲဖြစ်မည်ဟု ယူဆထားသဖြင့် အမေပြောမည့်စကားကို အရေးမလုပ်ဘဲ ခေါင်းငုံ့ပြီး ထမင်းဆက်စားနေမိသည်။

'အောင်မြင့် - - - နင့်ကို ငါစကားပြောစရာရှိတယ်၊ ဟဲ့ - - - ငါပြောနေတာကြားရဲ့လား'


အမေ့ဆီမှ နောက်ဆက်တွဲပြောလိုက်သော စကားသံက လေသံမြင့်ပြီး အတော်ကျယ်သွားသဖြင့် ထမင်းစားနေရာမှ ခေါင်းမော့ပြီး အမေ့ကို လှမ်းကြည့်ကာ ပြန်ဖြေမိသည်။

'ကြားပါတယ် - - - အမေရဲ့ - - - ဘာပြောမှာလဲ၊ ပြောပါ၊ ကျွန်တော် နားထောင်နေပါတယ်'

'အေး - - - နင် ဒီအတိုင်းနဲ့နင့်ဘဝကို စခန်းသွားတော့မှာလား။ တက္ကသိုလ်က ကျောင်းပြီးတာ သုံးနှစ်ရှိနေပြီ။ အလုပ်လေး၊ ဘာလေး လုပ်ဖို့ စိတ်ကူးမရှိဘူးလား'

'အမေ - - - ဘာတွေ လာပြောနေတာလဲ'ဟု ထမင်းစားနေရင်း ပြန်ပြောမိသည်။ အမေ့ဆီမှ စကားသံများ စက်သေနတ်ပစ်သလို ဆက်တိုက်ကြားရတော့သည်။

'သြော် - - - ဘာတွေပြောနေတာလဲ၊ ဟုတ်လား။ နင့်ဘဝအတွက်၊ နင့်ရှေ့ရေးအတွက် ငါစိုးရိမ်လို့ ပြောနေတာဟဲ့။ နင် ဒီပုံစံနဲ့နေလို့ကတော့ မလွယ်ဘူး။ အိမ်က ဖိနပ်လုပ်ငန်း မလုပ်ချင်နေ၊ အပြင်အလုပ်တစ်ခုခု ဒါမှမဟုတ် အစိုးရအလုပ်၊ ဝန်ထမ်းအလုပ် လုပ်သင့်တယ်၊ နောင်တစ်ချိန် နင်မိန်းမ မယူဘူးလို့ မပြောနိုင်ဘူး။



အေး - - မိန်းမယူ အိမ်ထောင်ပြုမယ်ဆိုရင်တော့ အလုပ်မရှိဘဲ ကဗျာဆရာယောင်ယောင်၊ စာရေးဆရာယောင်ယောင်နဲ့ နင့်ပုံစံကို ဘယ်မိန်းမကမှ နင့်ကို ကြိုက်မှာမဟုတ်ဘူး'

ကျွန်တော်က အမေ့ဆီမှ စကားကြောအရှည်ကြီး နားထောင်ပြီး စားလက်စ ထမင်းပန်းကန်ကို လက်စသပ်ကာ အမေ့အား စကားတစ်ခွန်းပြောပြီး စိတ်ရှုပ်ရှုပ်ဖြင့် လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ တစ်ယောက်တည်း ထွက်လာခဲ့တော့သည်။

'အေးအေးဆေးဆေးပဲ နေပါရစေ အမေရာ - - - ခေါင်းရှုပ်မခံပါရစေနဲ့'

အမေက ကျွန်တော့်အား ဘာမှထပ်မပြောတော့ဘဲ လက်ဖက်ရည်ဆိုင် ထွက်သွားသော ကျွန်တော့်အား ကြည့်ရင်း ကျန်နေခဲ့သည်။

လက်ဖက်ရည်ဆိုင်တွင် ကျောင်းနေဖက် ငယ်သူငယ်ချင်းအချို့ကိုတွေ့ရာ သူတို့က ကျွန်တော့်အား သူတို့စားပွဲဝိုင်း လာထိုင်ဖို့ လှမ်းခေါ်သည်။ ကျွန်တော်က တစ်ယောက်တည်း အေးအေးဆေးဆေး ထိုင်ချင်သဖြင့် သူတို့ဝိုင်းသို့မသွားဘဲ လက်ကာ ပြပြီး ငြင်းဆိုလိုက်သည်။

စီးကရက်တစ်လိပ်၊ လက်ဖက်ရည်တစ်ခွက် မှာပြီး လူမရှိသော စားပွဲခုံတစ်လုံးတွင် ဝင်ထိုင်ကာ စောစောက အမေပြောခဲ့သော စကားတချို့ကို ပြန်ကြားယောင်ကာ အတွေးဝင်ပါ ဝင်မိသည်။

အမေပြောသည့် 'အလုပ်'ဟူသော စကားအပေါ် ပြန်သုံးသပ်ကာ ဆင်ခြင်ကြည့်နေမိသည်။ တက္ကသိုလ် ရူပဗေဒဘာသာရပ်တွင် သင်ကြားခဲ့ရသော 'အလုပ်' ဟူသော အနက်အဓိပ္ပာယ်ကလည်း ကျွန်တော့်ခေါင်းထဲ တန်းဝင်လာသည်။

ရူပဗေဒပညာရှင်များက အလုပ်တစ်ခုပြီးမြောက်ဖို့ဆိုသည်မှာ အားတစ်ခုနှင့် အရွေ့တစ်ခု မြောက်၍ ရရှိသော ရလဒ်ပင် ဖြစ်သည်ဟု ဆိုထားသည်။

ထို့ကြောင့် အလုပ် = အား×အရွေ့

$$W = F.d$$

ကျောင်းတွင် သင်ကြားခဲ့ရသော သင်ခန်းစာများက 'အလုပ်'အဓိပ္ပာယ်နှင့် ကျွန်တော့်မိဘများ သိမြင်နေသော 'အလုပ်'အဓိပ္ပာယ်မတူကွဲပြားခြားနေသည်။ မိဘများသိသော အလုပ်သည် ဝင်ငွေရရှိမှသာ အလုပ်ဟု ယူဆထားသည်။ ချွေးဒီးဒီးကျအောင် မည်မျှပဲလုပ်လုပ် ရူပဗေဒသဘောအရ အရွေ့မပါလျှင် အလုပ် မပြီးမြောက်ပါ။

တစ်ဆက်တည်း ကျွန်တော်တွေးမိသည်က ကျွန်တော် ကဗျာရေးခြင်း၊ စာရေးခြင်း၊ ကာတွန်းဆွဲခြင်း၊ ပန်းချီဆွဲခြင်းသည် 'အလုပ်'ဟုတ်၊ မဟုတ် အဖြေထုတ်ကြည့်မိသည်။ ကျွန်တော့်မိဘများကတော့ ဝင်ငွေပုံမှန်မရရှိသောကြောင့် အလုပ်ဟု သတ်မှတ်မည် မဟုတ်ချေ။

ကျွန်တော်ကတော့ ရူပဗေဒသဘောအရနှင့် မိဘတို့၏ဆန္ဒအရ ပေါင်းစပ်၍ ကျွန်တော်ကဗျာရေးခြင်း၊ စာရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ကာတွန်းဆွဲခြင်းသည် 'အလုပ်'ဖြစ်သည်ဟု ရဲရဲကြီးပြောဆိုဝံ့ပါသည်။

ကျွန်တော် ဟံသာဝတီသတင်းစာမှာ ကာတွန်းများကို ရေးဆွဲဖော်ပြခံရ၍ ကာတွန်းဆရာအဖြစ် ပရိသတ်အသိအမှတ်ပြုခံရသည်။ ပန်းချီများ ရေးဆွဲ၍ ပန်းချီဆုများရကာ ပန်းချီဆရာအဖြစ် အသိအမှတ်ပြုခံရသည်။ ကဗျာများ၊ စာများရေးသားခဲ့၍ မဂ္ဂဇင်းများတွင် ပုံနှိပ်ဖော်ပြခံရကာ ကဗျာဆရာ၊ စာရေးဆရာအဖြစ် အသိအမှတ်ပြုခံရသည်။ ထို့အတွက် ဉာဏ်ပူဇော်ခ(ပိုက်ဆံ)ဝင်ငွေ ရရှိခဲ့ပါသည်။ ရူပဗေဒသဘောအရ သာမန်လူတစ်ယောက်မှ စာပေအနုပညာရှင်တစ်ယောက်အဖြစ်သို့ အရွေ့တစ်ခု ရွေ့ခဲ့သည်။ ဝင်ငွေလည်း ရသင့်သလောက် ရခဲ့သည်။ ထို့ကြောင့် ကျွန်တော်၏ ကဗျာရေးခြင်း၊ စာရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ကာတွန်းဆွဲခြင်းသည်လည်း အလုပ် လုပ်နေခြင်းပင်ဖြစ်သည်။

စီးကရက်မီးခိုးငွေ့များကို လေထဲသို့ မှုတ်ထုတ်ပြီး အပေါ်ရည်တင်းနေသော လက်ဖက် ရည်ကို မော့သောက်လိုက်သည်။ စောစောက အမေပြောခဲ့သော 'အလုပ်လေး၊ ဘာလေးလုပ်ဖို့ စိတ်ကူးမရှိဘူးလား'ဟူသော စကားအပေါ် ဘဝင်မကျမှုမရှိတော့ဘဲ ကျွန်တော့်အလုပ် ကျွန်တော် ဆက်လုပ်ဖို့ ခိုင်မာစွာ ဆုံးဖြတ်ချက် ချမိတော့သည်။

သို့သော် အလုပ်နှင့်ပတ်သက်၍ အမေ့ကိုတော့ ရှင်းလင်းပြောဆိုပြမည် မဟုတ်ပါ။

လက်ဖက်ရည်ဆိုင်မှအပြန် စာကြည့်ခန်းသို့ဝင်ပြီး စာရေးစားပွဲတွင်ထိုင်ကာ ကဗျာတစ်ပုဒ်ကို စာရွက်အလွတ်ပေါ် ချရေးလိုက်သည်။ ခေတ်ပေါ်မော်ဒန်ကဗျာမဟုတ်၊ ဂန္ထဝင်ရိုးရာ ကဗျာဖြစ် သည်။ တစ်ခါတည်းနှင့် ကဗျာတစ်ပုဒ် ပြင်ရာ၊ ဖျက်ရာ မပါဘဲ လွယ်ကူစွာ ရေးဖွဲ့ပြီးစီးသွားသည်။ ယင်းကဗျာ ဆရာနတ်မောက်ထွန်းရှိန်၏ ယဉ်ကျေးမှုဂျာနယ်တွင် ပုံနှိပ်ဖော်ပြပါရှိခဲ့ပါသည်။

**အလက်ာပွင့်သစ်**

*** နံ့နက်ခင်း**
**အလင်းမြစ်**
**ရစ်ခွေစီးဖြာ**
**ကောင်းကင်ပြာ . . . ။**
*** လေပြည်ညင်း**
**သီချင်းသံ**
**လွင့်ပျံ့ပူးဝင်**
**ရင်ခုန်ချင် . . . ။**
*** နှင်းဆီငုံ**
**သင်းထုံမွှေး**
**နွေးထွေးရသ**
**ရှိန်းမြမြ . . . ။**
*** ငှက်ကလေး**
**အဝေးပျံ**
**ရိုးတံကိုင်းဖျား**
**တုန်ခါသွား . . . ။**
*** ကဲ . . . အချစ်**
**ပွင့်သစ်ဦး**
**ယစ်မူးတသ**
**မွှေးမြမြ**
**တေးသွားလှလှ**
**ဆိုရအောင် . . . ။**

**သွယ်အောင်**
**(မန္တလေး၊ ယဉ်ကျေးမှုဂျာနယ်)**



## သုခတော်ဝင်အိမ်ရာ အပိုင်း(၂)သံကူ ကွန်ကရစ် အဆောက်အအုံ(၁၄)လုံး ဆောက်လုပ်ရေးနည်းပညာနှင့်ဈေးနှုန်း အဆိုပြုလွှာဖွင့်ဖောက် စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ သုခတော်ဝင် အိမ်ရာ အပိုင်း(၂)သံကူကွန်ကရစ် အဆောက်အအုံ(၁၄)လုံးဆောက်လုပ်ခြင်းအတွက် နည်းပညာနှင့် ဈေးနှုန်း အဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးခြင်းကို အောက်တိုဘာ ၁ ရက်က နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယ မြို့တော်ဝန်က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကော်မတီဝင်များ၊ ဌာနမှူးများ၊ အဆိုပြုလွှာ တင်သွင်းသော ဆောက်လုပ်ရေး ကုမ္ပဏီများတက်ရောက်ပြီး သုခတော်ဝင်အိမ်ရာအပိုင်း(၂)ဆောက်လုပ်ရေးအတွက်နည်းပညာနှင့် ဈေးနှုန်းအဆိုပြုလွှာများ ဖွင့်ဖောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။ (အောက်ပုံ) (၀၄၅)



## ရုပ်ရှင်ကဏ္ဍ

**ရုပ်ရှင်အကျဉ်း**
**'နှောင်'**

ရုပ်ရှင်ချစ်ပရိတ်သတ်တွေအတွက် ဒီတစ်ပတ်မှာတော့ ရုံမတင်ခင်က Trailer နဲ့တင် ပရိတ်သတ်တွေ စိတ်ဝင်စားမှုများနေတဲ့ 'နှောင်' ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။



**'နှောင်'**

ရုပ်ရှင်ဇာတ်ကားကြီးဟာ ၁၉၅၀ ခုနှစ်ဝန်းကျင်က နာမည်ကျော် ဒါရိုက်တာရွှေဒုံးဘိုအောင်ရဲ့ ဇာတ်လမ်းကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားတဲ့ ရုပ်ရှင်ကားကြီးပဲ ဖြစ်ပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားကြီးမှာတော့ ဒေါက်တာမိုးဇေသာအဖြစ် နေတိုး၊ သစ်သစ်မေအဖြစ် နော်ဖေအယ်ထား၊ သက်လျာခင်အဖြစ် ပိုးမမီသာတို့က ပါဝင်သရုပ်ဆောင်ထားပြီး သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း၊ အိမ်ထောင်ရေးအရှုပ်တော်ပုံဇာတ်လမ်းမှာကို ကြည့်ရှုရမှာ ဖြစ်ပါတယ်။

ရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာ အကယ်ဒမီဩရသ၊ ရွှေနဒီရုပ်ရှင်ထုတ်လုပ်ရေး၊ ဇာတ်လမ်း ရွှေဒုံးဘိုအောင်၊ ဇာတ်ညွှန်း လွင်မင်းအုံ့က ရိုက်ကူးပုံဖော်ထားပြီး ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နေတိုး၊ ဖြိုးငွေစိုး၊ တင်မောင်ဆန်းမင်းဝင်း၊ သူရိယ၊ နော်ဖေအယ်ထား၊ ပိုးမမီသာတို့က အဓိကပါဝင် သရုပ်ထားပြီး အခြားနာမည်ကြီး သရုပ်ဆောင်များစွာနဲ့အတူ စိတ်ဝင်စားစရာ ဇာတ်လမ်း၊ ဇာတ်ကွက်တွေကို ရိုက်ကူးတင်ဆက်ထားပါတယ်။

တရားဝင်မိန်းမရှိပါလျက်နဲ့ အချစ်ကိုဦးစားပေးပြီး နောက်တစ်ယောက်ကိုချစ်မိတဲ့ ဒေါက်တာမိုးဇေသာပဲမှားသလား၊ မိန်းမဝတ္တရားနှင့်အညီ နေပေမယ့် အိမ်ထောင်ရေးသုခကို မဖော်ဆောင်ပေးနိုင်တဲ့ သစ်သစ်မေပဲ မှားသလား၊ အိမ်ထောင်သည်မှန်း မသိခင် အချစ်နွံကျွံမိတဲ့ သက်လျာခင်ပဲ မှားသလားဆိုတာကို အတက်အကျဇာတ်လမ်း၊ ဇာတ်ကွက်ကောင်းကောင်းတွေကို ကြည့်ရှုရမှာတော့ဖြစ်ပြီး မန္တလေးမြို့မှာ ဆိုရင်တော့ Win Lite Cinema, Mingalar Central point, Mingalar Masoeyein Complex , Mingalar Cinema Yama(Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

ရွှက်နဝေ

## ဒေသခံပြည်သူများ သွားလာရ အဆင်ပြေစေရေး မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများသွားလာရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေ ၁၆၉ ဒသမ ၂၆၀ သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာမှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာသည့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်း အရှည် ၀/၄ မိုင် အကျယ် ၁၂ ပေ ထု ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၂၁ ရက်မှ စတင်၍ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းကတ္တရာခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ မြို့ရှောင်လမ်းမှ ပျော်ကုန်း- အုတ်ဖိုလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ မုန်ပင်ဆည်၊ ပျော်ကုန်း၊ အုတ်ဖို၊ ကန်တောင်၊ ထနောင်းတောကျေးရွာများမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

(၄၆၉)





ပတ်စရာ၊ မှတ်စရာ
စုံလင်
ယုဒနလေး

## ကျေးဇူးသိလျက် အဆပ်ခက်လည်း

* အာစရိယာ မြတ်ဆရာဟု
ထပ်ကာတလဲ ရင်မှာစွဲထင်
အမြဲပင်။
* သံယောဇဉ်ကြောင့် ချစ်ခင်မြတ်နိုး
လက်စုံမိုး၍ ရှိခိုးလျက်ပါ
ထာဝရာ။
* သဒ္ဓါအပြည့် မင်္ဂလာရှိ
ပီတိနှင့်ယှဉ် နေ့တိုင်းပင်
အစဉ်သတိရ။
* သတိရတိုင်း
အနှိုင်းမဲ့စွာ မြတ်ဆရာကို
မာတာပိတ မိနှင့်ဘသို့
နှိုင်းဆတူယှဉ် မြတ်နိုးကြင်လျက်
တစ်ရက်ကမှ မေ့မရပြီ။
* ဘဝအမော လူတို့တောမှာ
သောက ဒုက္ခ ကြုံလေကလည်း
မြတ်ဆရာ၏ ဆုံးမစကား
ဩဝါဒများစွာ ကြားယောင်လာလျက်
ခွန်အားတက်သည်။
* မကောင်းမြစ်တား ကောင်းရာညွှန်လတ်
အတတ်လည်းသင် ပဲ့ပြင်ဆုံးမ
နည်းလမ်းပြသည့်
ဆရာ့ကျေးဇူး အထူးသိလျက်
အဆပ်ခက်လည်း ခက်ပလေ့စေ
သံသရာ ရှည်သရွေ့
မမေ့ခြင်းဖြင့် ကျေးဇူးဆပ်မည်။
* ဆရာ့ဂုဏ်အင် အစဉ်ရည်စူး
မြဲကြည်နူးကာ
ဖော်ကျူးခြင်းဖြင့် ကျေးဇူးဆပ်မည်။
* ဆရာ့စကား ဆိုမိန့်များကို
မှတ်သားလိုက်နာ အမြဲသာပင်
နာခံခြင်းဖြင့် ကျေးဇူးဆပ်မည်။
* ထိပ်ခေါက် ကျောကွဲ ကြိမ်ကိုဆွဲလျက်
ရိုက်လည်းငုံ့ခံ မာန်လည်းရိုကျိုး
အငြိုးမသန် ငြိမ်၍ခံပြီး
ပြန်မပြောခြင်းဖြင့် ကျေးဇူးဆပ်မည်။
* တစ်နှစ်တစ်ခါ
ဆရာကန်တော့ပွဲ ဆက်ဆက်ခွဲဖို့
မလွဲမသွေ လာဖြစ်နေအောင်
ကြိုးစားဆောင်ရွက် ရောက်အောင်တက်လှမ်း
မမောတမ်းသာ မျှော်မှန်းကာရည်။
* ဆယ်ဖြာလက်ယှက်
ဦးထိပ်ထက်မှာ ဝန္ဒနာဖြင့်
ငါးဖြာဂုဏ်သခင် ဆရာသျှင်၏
ခြေတွင်ဦးခိုက် နဖူးတိုက်ပြီး
ပျော်ပိုက်ကြည်သာ နှစ်တိုင်းလာ၍
ကန်တော့ကာ ကျေးဇူးဆပ်ပါမည်။
* မြတ်သောဆရာ မြတ်ဆရာတို့
ကျန်းမာ ချမ်းသာ ပါစေသော်
လန်းဖြာ ဝမ်းသာ ပါစေသော်။ ။

မြခြူးအိမ်-ကိုလေး

## သတင်းပဒေသာ

### ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့ လမ်းဦးစီးဌာနရိပ်သာ၌ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မရှိခဏဆရာတော်ကြီးမှ ကလောမြို့ ရေဘေးသင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့်နေအိမ်များအား ထောက်ပံ့

ရှမ်းပြည်နယ်(တောင်ပိုင်း)၊လွိုင်လင်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်များနှင့် အသက်သေဆုံးသူများအတွက် ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၄ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွဋ်က ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယနေ့ထောက်ပံ့ပေးအပ်သည့်အခမ်းအနားတွင် သေဆုံးသူ ၁၇ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀သိန်းစီကို လည်းကောင်း၊ ပျက်စီးသွားသည့် နေအိမ် ၅၉လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆မျိုးပါ ကစ်ပုံး ၅၉ပုံးနှင့် ရေဘေးသင့် လူဦးရေ ၂၃၆ဦး တစ်ပတ်စာ စားရိက္ခာအတွက် ငွေကျပ် ၄၉၅၆၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဆင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၄ရက် နံနက် ၁၀နာရီခွဲ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အသက်အကြီးဆုံးအဘွား ( ၅ )ဦးအား ထောက်ပံ့ပေးအပ်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်တွင် အသက်အကြီးဆုံးအဘွား ၅ဦးအား အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ထောက်ပံ့လှူဒါန်းသည့် အလှူငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာများအရောက် ယမန်နေ့က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သန်းခေါင်စာရင်းဆက်လက်ကောက်ယူ

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူကြမည့် စာရင်းစစ်၊ စာရင်းကောက်များသည် ယမန်နေ့ နံနက်ပိုင်းက ရပ်ကွက်၊ကျေးရွာ အုပ်စုများတွင် ဆက်လက် ကောက်ယူကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူနေအိမ်များအတွင်း ရေများ ထပ်မံဝင်ရောက်လျက်ရှိ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် အောက်တိုဘာ ၂ ရက်မှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နမ့်စန်မြို့တွင်း ဖြတ်သန်းစီးဆင်းနေသော နမ့်လတ်ချောင်းရေလျှံကာ ယမန်နေ့ မွန်းလွဲပိုင်းမှစတင်၍ ချောင်းအနီးဝန်းကျင်နှင့် အနိမ့်ပိုင်းလူနေအိမ်များအတွင်း ရေများထပ်မံဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အင်းလေးဒေသ ရေဘေးသင့်ပြည်သူများထံသို့ အလှူငွေများ၊ စားသောက်ကုန်များနှင့် အဝတ်အထည်များ သွားရောက်လှူဒါန်း



**ပင်းတယ အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့မှ ဆရာတော်၊ သံဃာတော်များတို့က အင်းလေးဒေသ ရေဘေးသင့် ပြည်သူများထံ သွားရောက်၍ ထောက်ပံ့အလှူငွေများ၊ စားသောက်ကုန်များနှင့် အဝတ်အထည်များ လှူဒါန်းခြင်းကို အောက်တိုဘာ ၃ရက် နံနက်ပိုင်းက အဆိုပါဒေသသို့ သွားရောက် လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရှမ်းပြည်နယ်တောင်ပိုင်း ရွှေညောင်-ညောင်ရွှေမြို့နယ်၏ ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦး ဗုဒ္ဓရုပ်ပွားတော်မြတ် တည်ထားကိုးကွယ်ရာ အင်းလေးဒေသနေ ကျေးရွာအများအပြားတွင် စက်တင်ဘာ ၁၀ရက်မှ ၁၂ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့သော နေ့ရက်များ၌ ရေဘေးသင့် နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ကြသည့် ကျေးရွာများအနက် ဆည်ခေါင်းကျေးရွာ၊ ဟန်ချို့ကျေးရွာ၊ ကြေးထက်ကျေးရွာ၊ စံခန့်ကျေးရွာနှင့်ရေတန်ကျေးရွာ စသည့် ကျေးရွာ၅ရွာသို့ ဓနုဒေသ ပင်းတယမြို့ပေါ် ဆင်ဖြူတော်ကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယ၊ သီရိမင်္ဂလာကန်ဦးကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒာစာရနှင့် မိုးကုတ်ဝိပဿနာမှ နောင်ချိုတိပိဋကကမ္ဘောဇကျောင်းသံဃာတော် ကိုယ်စားပြု သံဃာတော်သုံးပါးနှင့်အတူ အကျိုးတော်ဆောင်ဒါကာ ၇ဦးတို့က ကုန်တင်ယာဉ်ငယ်နှစ်စီးဖြင့် မောင်းနှင်လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။

ရှေ့ဦးစွာ ဆရာတော်၊ သံဃာတော်များသည် အင်းလေးဒေသ နန့်ပန်ပြည်သူ့ဆေးရုံ၌ ဖွင့်လှစ်ထားသော လူမှုကူညီကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများထံ ဓနုဒေသထွက် စားသောက်ဖွယ်ရာ ဟင်းသီးဟင်းရွက်များ လှူဒါန်းခြင်းကိုလည်းကောင်း၊ ဆည်ခေါင်းကျေးရွာနှင့် ဟန်ချို့ကျေးရွာ အိမ်ထောင်စု၂၅၇စု၊ စံခန့်ကျေးရွာမှ အိမ်ထောင်စု ၄၅၊ ရေတန်းကျေးရွာမှအိမ်ထောင်စု ၅၀စုနှင့် ကြေးထက်ကျေးရွာအိမ်ထောင်စု ၁၉၀စုစသည့် အင်းလေးဒေသရှိ ရေဘေးသင့်ကျေးရွာ ၅ရွာမှ ကျေးရွာနေ မိဘပြည်သူများထံ တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀နှင့်ဆန်၊ သောက်ရေသန့်စသည့်စားသောက်ကုန်များနှင့် အဝတ်အထည်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါအင်းလေးဒေသနေ ရေဘေးသင့် မိဘပြည်သူများအား ထောက်ပံ့လှူဒါန်းပေးနိုင်ရန်အတွက် ဆင်ဖြူတော်ကျောင်းဆရာတော်နှင့်သံဃာတော်များ မဟာရန်အောင်ကျောင်း သံဃာတော်များ၊ ဟော်ကုန်းရပ်ကွက်မှ အလှူရှင်များ သီရိမင်္ဂလာကန်ဦးကျောင်းဆရာတော်နှင့်သံဃာတော်များ၊ သီရိမင်္ဂလာ ရပ်ကွက်မှ အလှူရှင်များ၊ မိုးကုတ်ရိပ်သာမှ နောင်ချိုတိပိဋကကမ္ဘောဇကျောင်း သံဃာတော်များ၊ ရပ်နီးရပ်ဝေးမှ ဆရာတော်များနှင့် အလှူရှင်များ စုပေါင်းပံ့ပိုး လှူဒါန်းပေးသည့် ထောက်ပံ့ငွေကျပ် စုစုပေါင်း သိန်းငွေကျပ် ၁၄၀ဖြင့် သံဃာ့ဒါန ရေဘေးသင့် ထောက်ပံ့အလှူ ဖြစ်ကြောင်း သိရသည်။

(၃၃၈)



## သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ၃၂လမ်း၊၆၅လမ်းနှင့်၆၆လမ်းကြားနေ ကွယ်လွန်သူဖခင် ဦးဟွမ်ကျားဟုန်+ မိခင်ဒေါ်အဲလိတ်တို့အား ရည်စူး၍ သမီးမဖြိုးဖြိုးက ဆွမ်းအလှူငွေကျပ် ၄သိန်းအား ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ၊ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်စင်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ၀၉-၄၀၂ ၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)(ကဆ)**

## ရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေး ထောက်ပံ့လှူဒါန်း

**မန္တလေး အောက်တိုဘာ ၅**

မန္တလေး၊ ROYAL BURMA Co.,Ltd ကရဝိတ်ကဖေး၊ မန္တလေးဂီတချစ်မြတ်နိုးသူများနှင့် WEST BANK BAND တို့ ပူးပေါင်း၍ အောက်တိုဘာ ၄ရက်က မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်အတွင်းရှိ ရေဘေးသင့် ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် စုပေါင်းထောက်ပံ့လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုတွင် မြစ်သားမြို့နယ်အတွင်းရှိ ကူမဲမြို့ ကခုန်ကျေးရွာအုပ်စု မိုင်းတောင်ကုန်းကျေးရွာ၊ ကုန်းရိုးတောကျေးရွာ၊ တဲကြီးကုန်းကျေးရွာ၊ တောင်ငုတ်ကျေးရွာများရှိ အိမ်ထောင်စု ၁၆၀ကျော်အား တစ်အိမ်ထောင်လျှင် မီးဖိုချောင်သုံးပစ္စည်း ၁၀မျိုးပါ တစ်ထုပ်၊မာမီးခေါက်ဆွဲခြောက် တစ်ဖာ၊ အဝတ်အထည် မျိုးစုံ ၁၂ထုပ်၊ ငွေကျပ် ၆၀၀၀၀ တို့အား လက်ဝယ်အရောက် သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(ကဆ)

# တာဝန်ထမ်းကြသည် ဆိုရာဝယ်

နိုင်ဗလ

**(၃-၁၀-၂၀၂၄)ရက် စာမျက်နှာ(၁၇)မှ အဆက်-**

ယနေ့ရုံးမှ တစ်ရက်နား၍ အမရပူရနန်းတော်ရာစံပြကွက်သစ်မှ သူငယ်ချင်း ဆန်းဝင်းလှိုင်ထံသို့ အလည်အပတ်ထွက်လာခဲ့သည်။ ရုံးတွင် အလုပ်ကို နေ့၊ ညဝ၊ စနေ၊ တနင်္ဂနွေ နားရက်မယူဘဲ လုပ်ပေးခဲ့သည်။ ရုံးကလည်း ကျောင်းတက်ခွင့်နှင့် လိုအပ်ပါက အနားယူရက်တစ်ရက် ပေးသော်လည်း မနားခဲ့၊ ကျောင်းသွားသည်ဆိုသော်လည်း နေ့တစ်ပိုင်းမျှသာ တစ်ပတ်ကို နှစ်ရက် တက်ရက်၊ ကျူတိုရီရယ်ရှိလျှင် ဖြေဆိုချိန်တွင်သာ သွားလေ့ရှိသည်။ စက်ဘီးဖြင့် ထွက်လာခဲ့သည်။ နေမပူခင်ထွက်လာသော်လည်း အနည်းငယ်မောသည်။ ငှက်ဖျား၏အရှိန်က အားအင်ကို ဆုတ်ယုတ်စေသည်ထင်သည်။ နန်းတော်ရာစံပြကွက်သစ်မှ သူငယ်ချင်း ဆန်းဝင်းလှိုင်နှင့် သန်းထွေးလှိုင်တို့ ညီအစ်ကိုအိမ်သို့ ရောက်ပြီး ခြံပေါက်မှနေ၍ "ဟေ့ယောက်ဖရေ" ဟု လှမ်းအော်လိုက်သည်။ သူငယ်ချင်း သန်းထွေးလှိုင် ထွက်လာပြီး တံခါးဖွင့်ပေးသည်။ "ဗိုလ်ထီးရော ယောက်ဖ" ဟု ဆက်မေးရာ အဖေ့ကို ဆေးလူးပေးနေကြောင်း ပြောသည်။ "ဦးလေး နေမကောင်းဘူးလား၊ ကျွန်တော် ဘာလုပ်ပေးရမလဲ" မေးရာ "ကောင်းပါတယ်ကွ ခြေလက်နည်းနည်းကိုက်လို့ပါ" ဟု ပြန်ဖြေပြီး တစ်မိသားစုလုံး ဝမ်းသာအားရကြိုဆိုကြသည်။ အထက်တန်းကျောင်းသားဘဝကတည်းကပင် အတူသွား၊ အတူလာ၊ အတူစာကျက်၊ အတူစား၊ အတူအိပ်ဖြင့် ညီအစ်ကိုပင်မက မိသားစုအရင်းပမာ နေခဲ့သည့် အိမ်ဖြစ်သည်။ ထိုနေ့က ထိုအိမ်တွင်ပင် အိပ်ဖြစ်သည်။

သူငယ်ချင်း မိသားစုနှင့်အတူ ထမင်းစားကြသည်။ ဒေါ်လေးက ရှမ်းလူမျိုးအစစ်ဖြစ်၍ ရှမ်းထမင်းချဉ် လုပ်ပေးထားသည်။ မိသားစု ပျော်ရွှင်စွာ စကားတပြောပြောဖြင့် စားကြသည်။ မော်လမြိုင်မြို့မှ မိခင်၊ ဖခင်တို့အား သတိရမိသည်။ ဦးလေးက မိခင်ဖခင်တို့အကြောင်း မေးသည်။ ဦးလေးနှင့် ကျွန်တော့်ဖခင်မှာလည်း ငယ်စဉ်ကတည်းကပင် တပ်တွင်း၌ အတူနေခဲ့ကြသည့် သူငယ်ချင်းများဖြစ်သည်။ ပလစ(၂)တပ်ထဲတွင် ပျော်ရွှင်စွာနေခဲ့ကြသူများ ဖြစ်သည်။ စကားလက်ဆုံပြောမကုန်သဖြင့် ထမင်းဝိုင်းလေးက စိုပြည်လှသည်။ သူငယ်ချင်း၏ အစ်ကိုမှာ ထိုစဉ်က တပ်မတော်ထဲတွင် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။ ပျဉ်းမနားဇလာတပ်မှ ဗိုလ်ကြီး ထွန်းထွန်းလှိုင်ဖြစ်သည်။ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ အငြိမ်းစားယူသွားသော ဗိုလ်မှူးသိန်းအောင်နှင့်အတူ တာဝန်ကျခဲ့သည်။ ကျွန်တော့်အား သတင်းစာပညာနှင့်ပတ်သက်သော ဗဟုသုတများ၊ စာအုပ်များကို လက်ဆင့်ကမ်းပေးခဲ့သောသူဖြစ်သည်။ ကျွန်တော် စာရေး၊ စာဖတ်ဝါသနာပါလွန်းသည်ကို သိ၍ စာအုပ်များ စုံလင်စွာပင် ပေးခဲ့သည်။ ပထမနှစ်၊ ဒုတိယနှစ်တို့တွင် လမ်းစဉ်လူငယ်၊ အခြေခံကျွန်းမာရေး၊ မီးသတ်သင်တန်းများကို ကိုယ်တိုင်တက်ခဲ့ရုံမက တက္ကသိုလ်မှ ဖွင့်သမျှသင်တန်းတို့တွင် သင်တန်းကြီးကြပ်နှင့် လိုအပ်ပါက နည်းပြတာဝန်ပါ ပူးတွဲယူပေးခဲ့သည်။ ထိုကြောင့် ကိုထွန်းထွန်းလှိုင်က ပါတီရေးရာစာအုပ်များနှင့် ကမ္ဘာ့နိုင်ငံရေးသမိုင်းစာအုပ်များကိုပါ လေ့လာစေခဲ့သည်။ သတင်းစာပညာနှင့်ပတ်သက်၍ ကျွန်တော့်လက်ဦးဆရာပင် ဖြစ်သည်။ ထမင်းစားပြီးလျှင် ကျွန်တော်တို့၏ ဆရာဖြစ်သော ဦးခင်မောင်ရင်(မြန်စာဂုဏ် ခင်မောင်ရင်)ထံ သွားကြသည်။ ဆရာကြီးမှာ ယခင်ဗိုလ်တစ်ထောင်သတင်းစာတွင် ပင်တိုင်ခရီးသွားဆောင်းပါးများ ရေးသားခဲ့ပြီး ဂျာနယ်များတွင်လည်း ဆောင်းပါးများစွာ ရေးသားခဲ့သူဖြစ်သည်။ ကျွန်တော့်အား မြန်မာစာနှင့် စာပေအရေးအသားစိတ်ဝင်စားစေရန် မျိုးစေ့ချပေးသူတစ်ဦးပင် ဖြစ်သည်။ အထက်တန်းကျောင်းသားဘဝက ကျောင်းဝတ်စုံတစ်စုံသာရှိ၍ နေ့စဉ်မဝတ်နိုင်၊ ဆံပင်ရှည်ကို နှစ်သက်၍ ဆံပင်မညှပ်လိုသော ကျွန်တော့်အား မင်းဝတ်ချင်တာဝတ်၊ ဆံပင်လည်း အရှည်ထားချင်ထား၊ သပ်သပ်ရပ်ရပ်နေရမယ်။ စာရ ရမယ်ဆိုသော ကတိထား၍ အလိုလိုက်ခဲ့ကြသော ဆရာဘိုဘို(ဗက-ပုလဲညွှန်မှူး(ငြိမ်း))၊ ဦးထွန်းလှခိုင်(ဗက-ငြိမ်း)၊ ဦးကျော်အုန်း(ဗက-ငြိမ်း)၊ ဦးခင်မောင်ရင်(တကကက-ငြိမ်း)တို့အား ကျေးဇူးတင်မိသည်။ စည်းစနစ်အလွန်ကြီးသောတပ်တွင်းကျောင်းတွင် ယူနီဖောင်းနှင့် ဆံပင်ကင်းလွတ်ခွင့် ကျွန်တော်တစ်ဦးသာ ရခဲ့သည်။ ကျွန်တော့်ဘက်မှ သပ်သပ်ရပ်ရပ်ဖြင့် ဆံပင်ကို ဖြီးသင်ခြင်းနှင့် စာရအောင်ကြည့်ခဲ့ခြင်းကတိကို ပေးခဲ့ရသည်။ အနေအေးသော ကျွန်တော့်အား ချစ်ခင်အလိုလိုက်ကြသည်။ မြန်စာဂုဏ်ခင်မောင်ရင်က မကြာခဏ ပြောသည်။ ရဲဘော်ဘဝ ဆယ်တန်းအောင်စ ဖခင်၏တပ်ခွဲတွင် တာဝန်ထမ်းဆောင်စဉ် ဖခင်က ပေါ့ပါးတာဝန်ပေး၍ လုပ်သားကောလိပ် တက်စေခဲ့ကြောင်း စာမကြည့်လျှင် စိတ်ဆိုးကြောင်း၊ ထမ်းဆောင်ရမည့်တာဝန်များကိုပါ ဖခင်က ပို၍ ထမ်းဆောင်ပေးခဲ့ကြောင်း အထက်အဆင့်ဆင့်ကို တင်ပြ၍ လုပ်သားကောလိပ်တရားဝင်တက်ခွင့်ပေးခဲ့ကြောင်း ပြောပြသည်။ ဆရာထံရောက်လျှင် အမေ(ဆရာကတော်)က ပေါ်မလာတာကြာပြီ ဖြစ်ကြောင်း၊ သတိရနေကြောင်း ပြော၍ မုန့်များဖြင့် ဧည့်ခံသည်။ ငယ်စဉ်ကတည်းက အိမ်ရောက်လျှင် ထမင်းစားမှ ကျေနပ်သူဖြစ်သည်။ "မင်းတို့ဆရာက မင်းတို့လာရင် ကလေးလိုပဲ ပျော်နေတာ" ဟု ပြောရှာသည်။ ပင်စင်စားတပ်မတော်သား ကျောင်းဆရာတစ်ဦး၏ ရိုးရှင်းသောနေအိမ် မေတ္တာရိပ်အောက်တွင် နေ့တစ်ပိုင်းမျှနေ၍ ပျော်ရွှင်စွာ အချိန်ကုန်ဆုံးခဲ့သည်။ ထို့နောက် ဈေးထိပ်မှ ဆရာ ဦးအောင်ကြည်(ဗက)အိမ်သို့ သွားကြသည်။ ဆရာက ခရီးသွားသည်။ ဆရာကတော်တို့ မိသားစုကလည်း ငယ်စဉ်ကတည်းကပင် အတူနေခဲ့ကြ၍ သံယောဇဉ်ကြီးလှသည်။ ဆရာမ မဌေး ကျောင်းဆရာမကလည်း ငယ်စဉ်ကပင် ထိန်းခဲ့သူ၊ ဆရာမ၏အမေ ဆရာ၏ယောက္ခမက ဖခင်နှင့် သူငယ်ချင်းဖြစ်သည်။ ကျွန်တော်တို့ကို မြင်သည်နှင့် အမေကြီးက ငိုသည်။ "ကလေးတွေ ငါ့ဆီကို မလာကြဘူး၊ စိမ်းကြတယ်" ဟုပြော၍ ငိုသည်။ အမေကြီးကို ဝိုင်းဖက်၍ ချော့မှ ကျေနပ်သည်။ လက်ဖက်ရည်၊ မုန့်များဝယ်၍ ဧည့်ခံသည်။ ဆရာဘိုဘိုကတော့ ပုလဲကျွန်းတွင် တာဝန်ထမ်းဆောင်နေသည်။ ဆရာကြီး ဦးကျော်အုန်းက မြို့သစ်ဘက်နေ၍ မတွေ့ရ။ ဆရာများ၏ အိမ်သို့ သွားရောက်လည်ပတ်ရသည်မှာ ငယ်မူငယ်သွေးများ ပြန်ကြွလာသည်ဟု ထင်ရသည်။ ကလေးဘဝပြန်ရောက်သွားသလို ခံစားရသည်။ ဝမ်းသာအားရ၊ အူလှိုက်သည်းလှိုက် ကြိုဆိုကြသည်။ ကိုယ့်မိဘအိမ်ပြန်လာရသကဲ့သို့ နွေးထွေးလှသည်။ ဆရာကြီး ဦးထွန်းလှခိုင်က ရန်ကုန်မြို့တွင် နေထိုင်သည်။ ဆရာကျော်ကျော်က ပြင်ဦးလွင်မှာနေသည်။ ထိုနေ့က ဆရာတို့ အိမ်များတွင်ပင် အချိန်ကုန်ခဲ့သည်။ ရှစ်တန်းနှစ်က အတန်းထဲတွင် အရပ်အပုဆုံး၊ အငယ်ဆုံး၊ ဘောင်းဘီတိုနှင့် ကျောင်းတက်သည့်သူမှာ ကျွန်တော်ဖြစ်သည်။ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ အငြိမ်းစားယူသွားသော ဒေါ်မိုးမိုးသန်းနှင့် တစ်တန်းတည်း တပ်တွင်းကျောင်းတွင် နေခဲ့ရသည်။ ထိုစဉ်က ကျောင်းသားကြီးများ ရန်ဖြစ်ရာတွင် အငယ်ဆုံး ကျွန်တော်ပါ ပါနေသဖြင့် ဦးထွန်းလှခိုင်က ရိုက်၍ ဆုံးမသည်။ ဆရာကြီးက ရိုက်၍ ဆုံးမလျှင် တုတ်မသုံး၊ လက်ဝါးသာ သုံးသည်။ ကျွန်တော်က ခုံပေါ်တက်၍ ရပ်ရသည်။ (အရပ်ပု၍)၊ ကျန်သူများက မြေပြင်ပေါ် မတ်တပ်ရပ်ရသည်။ မေးရိုးကားကား၊ တုတ်တုတ်ခိုင်ခိုင်၊ စကားပြောလျှင် အသံသြကြီးဖြင့် ကြောက်စရာ၊ ထိပ်ဆုံးမှ ရဲဘော်ကွက်သစ်တွင်နေသော ကိုသိန်းစိုးကို လက်မောင်းအား လက်သီးဖြင့် ဆတ်ဆတ်ထိုးရာ ယိုင်လဲသွားသည်။ နောက်တစ်ဦးကို ဂုတ်ပိုးရိုက်သည်။ နောက်တစ်ဦးကို နပန် ဆတ်ဆတ်ကလေးကျင်းသည်။ ကျွန်တော့်ကို "အသေးလေး မင်းက လူမိုက်တွေနဲ့ ဝင်ပါတော့ ဆော်ရတော့မယ်၊ ငါ့လက်ဝါးနဲ့ မရိုက်လောက်ဘူး" ပြော၍ တင်ပါးအား လက်ဝါးဖြင့် ရိုက်လိုက်ရာ ခုံပေါ်မှ အောက်ခြေလွတ် ပြုတ်ကျ၍ နှစ်ဆနာခဲ့သည်။ ဆရာက ပွေ့ချီပြီး "စိတ်မကောင်းဘူးကွာ၊ ငါ့လက်ဝါးကလည်း အားတောင်မထည့်ရသေးဘူး" ဟုဆိုကာ ကျွန်တော့်အား ချော့သည်။ နောက်ပိုင်းတွင် ကျွန်တော့်အား ဆုံးမစရာရှိလျှင် နဖူးကို လက်ညှိုးဖြင့် တောက်၍ ဆုံးမတော့သည်။ (နဖူးတောက်လိုက်လျှင် ဘုသီးထသည်အထိ ပြင်းသည်)။ ဆရာ့အကြောင်းပြော၍ ရယ်ရသည်။ ညပိုင်း စာမရ၍ ကျောင်းထဲတွင် အခန်းယူ၍ စာကျက်လျှင် ကျောင်းတွင်း ညဂျူတီစောင့်ဆရာက အစစလိုအပ်သည်သမျှ ဆောင်ရွက်ပေးသည့်အပြင် မည်သည့်အချိန် စာနှိုးမေးမေး စိတ်ရှည်စွာ ဖြေပေးလေ့ရှိသည်။ ထိုကဲ့သို့သော ကျောင်းမျိုးနှင့် ဆရာများကို ဆုံခွင့်ရသဖြင့် ကံကြမ္မာကို ကျေးဇူးတင်လှသည်။ ဆရာလှဦး၊ ဆရာကျော်ကျော်၊ ဆရာဘိုဘို၊ ဆရာသန်းဆောင်တို့နှင့် ညနေကျောင်းဆင်းပြီးချိန် ဘောလုံးကွင်း၌ ဘောလုံးကန်ကြသည်။ ရေကူးကန်တွင် ရေကူးသည်။ နှစ်ဖက်အသင်း ခွဲကန်ကြသည်။ ငြင်းကြ၊ ခုန်ကြဖြင့် သူငယ်ချင်းများပမာ နေခဲ့ကြသည်။ ရုပ်ရှင်ရုံတွင် စာမေးပွဲနီးက ကြည့်ခွင့်မပြု၊ ဆရာများ ကင်းပုန်းဝပ်စောင့်ကြပ်ကြသည်။ ရုပ်ရှင်ခိုးကြည့်သူကိုဖမ်း၍ ကြိမ်ဖြင့် သုံးချက်ဆော်၍ ပြန်လွှတ်သည်။ အလုပ်ရှုပ်ခံ၊ အအိပ်ပျက်ခံ စေတနာအပြည့်ဖြင့် တာဝန်ထမ်းဆောင်ကြသည့် ဆရာများဖြစ်သည်။ ကျွန်တော်တို့ကလည်း ဆရာကောင်းများနှင့် ကြုံခိုက် ရေစုန်မလိုက်ဘဲ ကြိုးစားခဲ့ကြသည်။ အိမ်နီးချင်း ဆရာဦးလှအောင်ကလည်း အိမ်ထဲထိလာ၍ စာကြည့်၊ မကြည့် ကြပ်မတ်ခဲ့သည်။ ကျောင်းသားဘဝဖြစ်၍ ကျောင်းသားပီပီ စာရအောင် ကျွန်တော်တို့ကလည်း တာဝန်ကျေအောင် ထမ်းဆောင်ခဲ့သည်။ မိဘများ လှည့်ကြည့်စရာမလိုလောက်အောင် စေတနာထားသော ကျောင်းနှင့် ဆရာများကို တွေ့ကြုံရသည်။ ဆရာများနှင့် ကျွန်တော်တို့ အကြောင်း ပျော်စရာများကို ပြန်ပြောင်းပြောရသည်မှာ ပြော၍ မကုန် ညဆယ်နာရီမှ ဆန်းဝင်းလှိုင်တို့ အိမ်ပြန်ရောက်သည်။ ပ·လ·စ(၂)မှ ကိုဇော်နှင့် ကိုမော် ညီအစ်ကိုနှစ်ဦး ထပ်ရောက်လာ၍ ဘောလုံးကွင်းအတွင်းသွား၍ ဂစ်တာတီးသီချင်းဆိုရင်း သူငယ်ချင်းများ တွေ့ဆုံခဲ့သည်။ နံနက်လင်းအားကြီးမှ နှစ်ယောက်အိပ် ခြင်ထောင်တွင် ငါးယောက်တိုးဝှေ့၍ အိပ်စက်ဖြစ်ခဲ့သည်။



ပလစ(၂)တပ်တွင်းကျောင်းမှ ဆရာများအား တွေ့ရစဉ် ။

**ဆက်လက်ဖော်ပြပါမည်.....**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် ငွေကျပ် ၁၅၀ ဘီလီယံ ထုတ်ချေးရန် သဘောတူ

**မန္တလေး အောက်တိုဘာ ၅**

ပြည်တွင်း၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေဆိုင်ရာ ရန်ပုံငွေကျပ် ၁၅၀ ဘီလီယံကို ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် ထုတ်ချေးပေးသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကဘဏ်တို့ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါချေးငွေထုတ်ချေးပေးနိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ပုဂ္ဂလိကဘဏ် ၁၅ ခုနှင့် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်ဟု ဆိုသည်။

"အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်း လုပ်ကိုင်နေကြတဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံမှု တိုးပြီး လုပ်နိုင်လာရင် ဖွံ့ဖြိုးတိုးတက်လာမှာပါ။ ချေးငွေဆိုင်ရာ စည်းကမ်းချက်တွေက လိုအပ်သလောက်ပဲ သတ်မှတ်ပေးသင့်တယ်"ဟု စက်မှုလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

ထိုသို့ ချေးငွေထုတ်ပေးရာတွင် သက်သာသော အတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ အပါအဝင် ပုဂ္ဂလိကဘဏ် ၁၅ ခုနှင့် ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုကို သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

"သဘောတူလက်မှတ်ရေးထိုးပွဲမှာ နိုင်ငံပိုင်ဘဏ်တွေနဲ့ ပုဂ္ဂလိကဘဏ်က တာဝန်ရှိသူတွေက ချေးငွေဆိုင်ရာ လုပ်ငန်းအဆင့်ဆင့် တင်ပြဆွေးနွေးခဲ့ကြတယ်။ MSME လုပ်ငန်းတွေ လုပ်ငန်းဆောင်ရွက်ရာမှာ ငွေကြေးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။



နိုင်ငံတော်အနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ် ၁၇၀ ဘီလီယံကို MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှာ ထည့်သွင်းပေးထားရာ အဆိုပါ ရန်ပုံငွေမှ ငွေကျပ် ၁၅၀ ဘီလီယံကို ထုတ်ချေးနိုင်ရန် စီမံကိန်းဝန်ကြီးဌာနနဲ့ စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)



# မြေပဲလုံးဆန်ကြိတ်သည့် မြေပဲဆီများ မုံရွာဈေးကွက်တွင် အဝယ်လိုက်နေ

မိုးမြေပဲပေါ်ချိန် အဝင်များသည့်အတွက် မြေပဲလုံးဆန်ကြိတ်သည့် မြေပဲဆီများ မုံရွာဈေးကွက်တွင် အဝယ်လိုက်နေကြောင်း သိရသည်။

"မြေပဲလုံးဆန်က သန့်တာတွေ ဝင်နေပြီ။ တော်တော်များများ ဝင်တယ်။ လုံးဆန်သန့်တော့ ဆီအရောင်လည်းလှ၊ အနံ့လည်း မွှေး၊ ဈေးလည်းသင့်လို့ ဝယ်ထားတယ်။ သီတင်းကျွတ်ရင် အလှူအတန်း၊ ပွဲလမ်းသဘင်၊ ကုသိုလ်ပြုတာတွေရှိတော့ ဆီကြိုဝယ်ထားတာပါ"ဟု မုံရွာမြို့နေသူ အိမ်ရှင်မတစ်ဦးက ပြောသည်။

လက်ရှိ မုံရွာဈေးကွက်တွင် မြေပဲဆီ တစ်ပိဿာ ငွေကျပ် ၁၇၅၀၀ ဖြင့် ရောင်းချနေပြီး မြေပဲကို ဆီကြိတ်ရာတွင် အလုံးဆန်ကိုကြိတ်သည့်ဆီ၊ ဆီဆန်ကိုကြိတ်သည့်ဆီ၊ ရွေးကျဆန်ကိုကြိတ်သည့်ဆီ၊ မြေပဲတောင့်ကိုကြိတ်သည့်ဆီနှင့် နဘတ်ဆီဟူ၍ ယေဘုယျအားဖြင့် ငါးမျိုးရှိကြောင်း ဆီစက်ပိုင်တစ်ဦးက ရှင်းပြသည်။

"အလုံးဆန်ကြိတ်မယ်ဆိုရင် ပဲလေးလုံးဖြူကြိတ်တဲ့ဆီ၊ ပဲလေးလုံးနီကြိတ်တဲ့ဆီနဲ့ ပြန့်လုံးကြိတ်တဲ့ဆီဆိုပြီး သုံးမျိုး ရှိတယ်။ ပဲလေးလုံးဖြူကြိတ်တဲ့ဆီက အရောင်ဝင်းဝါနေပြီး အနံ့က ယဉ်ယဉ်လေးမွှေးတယ်။ ဆီသားထုက ခပ်ပါးပါးနေပါမယ်။ ပဲလေးလုံးနီကြိတ်ရင် ဆီအရောင်က နီညိုရောင်သန်းနေပြီး ဆီသားထုပါးတယ်။ ပြန့်လုံးကြိတ်တဲ့ဆီက ဆီသားထုထုပြီး ပြစ်တယ်။

အရောင်က နီညိုရောင်ဘက်ပါ၍ အနံ့ကယဉ်ပြီး မွှေးလွန်းတယ်။ ဆီထဲမှာ သူကအကောင်းဆုံးပါ။ ဆီဆန်ဆိုတာ ဆီကြိတ်ဖို့အတွက်သာဖြစ်လို့ မြေပဲတောင့်ကို လုံးဝခြောက်တဲ့အထိ နေလှန်း၊ လုံလောက်အောင်ခြောက်ပြီဆိုမှ ပဲခွဲစက်နဲ့ ခွဲလာရတဲ့အဆန်ကို အမှော်၊ အမှိုက်၊ အပုပ်စိ၊ ပဲခွံ၊ နှံခဲ၊ ကျောက်ခဲ၊ နွားချေးဖတ်စတဲ့ မကောင်းတာတွေ သန့်စင်ပြီးမှ ကြိတ်တာပါ"ဟု ဆီစက်ပိုင်ရှင်တစ်ဦးက ရှင်းပြသည်။

ဆီစက်အများစုတွင် မြေပဲဆန် ပိဿာ ၁၀၀ ကိုဆီကြိတ်လျှင် ပဲဆီ ၃၈ ပိဿာရပြီး ပဲဖတ်က ပိဿာ ၆၀ ၊ မြေပဲဆန်ကောင်းလျှင် ပဲဆီ ပိဿာ ၄၀ ကျော်အထိရကြောင်း သိရသည်။ (အပေါ်ပုံ) (၃၉၄)

## ရေဘေးသင့်ပြည်သူများအား အထူးကုဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေး

**ပင်လောင်း အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်တွင် အထူးကုဆရာဝန်များမှ ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးကွင်းဆင်းဆေးကုသမှုလုပ်ငန်းများကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက မွေတော်ဘုရားကြီးကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

ဆေးကုသမှုများကို ပင်လောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးလာရောက်စစ်ဆေးသည့် ရေဘေးသင့်ပြည်သူများကို စာရင်းရေးသွင်းခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချို သွေးဖောက်စစ်ဆေးပေးခြင်း၊ အထွေထွေရောဂါများ စစ်ဆေးပေးခြင်းဆောင်ရွက်ပေးခဲ့ပြီး ကလောမြို့ ပြည်သူ့ဆေးရုံမှ အထွေထွေရောဂါအထူးကုဆရာဝန် ဒေါက်တာရဲအောင်၊ အရိုးအထူးကုဆရာဝန် ဒေါက်တာနိုင်ထူးရွှေနှင့်ကျန်းမာရေးဝန်ထမ်းတို့က ရေဘေးသင့်ပြည်သူများကို ဆေးကုသမှုများ၊ လိုအပ်သည့် ဆေးဝါးများအား အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ကျန်းမာရေး လာရောက်ဆေးကုသသူ ၃၅၀ ဦးရှိကြောင်း သိရသည်။

(ယာပုံ)(၃၆၈)



# မိုးအစေ့ထုတ်ပြောင်းများ ခူးဆွတ်ရောင်းချရာ ပြောင်းဈေး ယခင်နှစ်ထက် အနည်းငယ်ကျဆင်း

**မိုင်းယု အောက်တိုဘာ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့တွင် တောင်သူတို့ ခူးဆွတ်ရိတ်သိမ်းပြီးသည့် မိုးဦးစိုက်အစေ့ထုတ်ပြောင်းများ ယခုနှစ် ကုန်သည်များထံ ရောင်းချရာတွင် ယခင်နှစ်က တစ်ကီလို ငွေကျပ် ၈၁၀ ရရှိခဲ့သော်လည်း ယခုပေါက်ဈေးမှာ တစ်ကီလို ငွေကျပ် ၇၈၀ သာ ရရှိလျက်ရှိသည်။

မိုင်းယုမြို့၌ ယခင်နှစ် ၂၀၂၃ ခုနှစ် စိုက်ပျိုးခဲ့သည့် ဆောင်းရာသီစိုက် အစေ့ပြောင်းတစ်ကီလိုလျှင် ငွေကျပ် ၈၁၀ ကျော်(တရုတ်ယွမ် ၁ ဒသမ ၈ ယွမ်) ပေါက်ဈေးအမြင့်ဆုံးထိရရှိကာ ကီလို ၅၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၄၀၅၀၀ (တရုတ်ယွမ် ၉၀)ထိရရှိခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်ထွက် မိုးအစေ့ထုတ်ပြောင်းမှာ တစ်ကီလို ငွေကျပ် ၇၈၀ (တရုတ်ယွမ် ၁ ယွမ် ၂ ကျော်) ကီလို ၅၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀ (တရုတ်ယွမ် ၆၀)ထိသာ ရရှိပါကြောင်းနှင့် ပြောင်းဈေးကွက်မှာ ငွေကြေးအတက်အကျများကြောင့် ပြောင်းဝယ်ယူသူများက ကီလို ၅၀ ပါတစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀ (တရုတ်ယွမ် ၆၀ )ဖြင့် လိုက်ကောက်ခြင်းဖြစ်နိုင်ကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

မိုင်းယုဒေသတွင် ဒေသခံတောင်သူများမှာ ပြောင်းမျိုးကို Cp.888၊ ယိုးဒယား 288၊ F.888 နှင့် Cp.222 စသည့် ယိုးဒယားမျိုးများကိုသာ အဓိက စိုက်ပျိုးကြကြောင်း၊ တောင်သူတို့ မိုးအစေ့ထုတ်ပြောင်းများကို များစွာ ဦးစားပေး စိုက်ပျိုးထားလျက်ရှိပြီး ဆောင်းအစေ့ထုတ်ပြောင်းများကို အနည်းငယ်သာ စိုက်ပျိုးကြကြောင်းနှင့် မိုင်းယုဒေသတွင် အစေ့ထုတ်ပြောင်းကို တစ်နှစ်လျှင် မိုးနှင့် ဆောင်းရာသီသာ နှစ်ရာသီစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။(**အောက်ပုံ**)

**မြို့နယ်(ပြန်/ဆက်)**



# ၅ ရက်မြောက် သန်းခေါင်စာရင်း ချောမွေ့စွာ ကောက်ခံလျက်ရှိရာ ၃၀ ရာခိုင်နှုန်းကျော် ပြီးစီး

**မန္တလေး အောက်တိုဘာ ၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက် လမ်း ၅၀နှင့် ၅၁လမ်းကြား၊၁၀၈ လမ်းနှင့် ၁၀၉လမ်းကြား၊ ၈၈-၁၉ ရပ်ကွက်တွင် ယနေ့ နံနက်ပိုင်းမှ စတင်ကာ မြို့နယ်အတွင်းရှိ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၃၇ ဖွဲ့က ကွင်းဆင်းကောက်ခံလျက်ရှိသည်။

ချမ်းမြသာစည်မြို့နယ်အတွင်းမှာ ရပ်ကွက် ၁၄ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး အိမ်ထောင်စု ၄၇၇၇၈ ကျော်ရှိပြီး လူဦးရေ ၂၄၃၆၃၂ နီးပါးခန့်ကို စာရင်းစစ်၊ စာရင်းကောက်လုပ်အားပေးဆရာ၊ ဆရာမ လုပ်အားပေးအင်အား စုစုပေါင်း ၁၉၆ ဦးဖြင့် အဖွဲ့ ၃၇ ဖွဲ့ ခွဲကောက်ယူနေကြောင်း အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ အိမ်ထောင်စုပေါင်း ၁၆၀၀၀ ကျော်၊ လူဦးရေပေါင်း ၂၂၀၀၀ ကျော် ကောက်ယူပြီးသွားပြီ။ စာရင်းကောက်ယူပြီးစီးမှု ၃၀ ရာခိုင်နှုန်းကျော်ပြီးစီးကြောင်း တစ်မြို့နယ်လုံးအနေဖြင့် အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ခန့်တွင် ရာခိုင်နှုန်းပြည့် ကောက်ယူ ပြီးစီးသွားမည်ဖြစ်ကြောင်း ချမ်းမြသာစည်မြို့နယ်လက်ထောက်မြို့နယ်ဦးစီးမှူး ဦးအောင်ဌေးက မန္တလေးနေ့စဉ်ကို ပြောသည်။

"မြို့နယ်အတွင်းမှာ ကောက်ကွက်အလိုက် နေ့စဉ် ကောက်ကွက် ၄၇၉ ကွက်ကို စာရင်းကောက်အဖွဲ့ ၃၇ ဖွဲ့ခွဲပြီး ကောက်ယူနေတာ အောက်တိုဘာ ၅ ရက်အထိ ရာခိုင်နှုန်း ၃၀ကျော် ပြီးစီးသွားပြီ။ အောက်တိုဘာ ၁၃-၁၄ ရက်အတွင်းမှာ စာရင်းအားလုံး ကောက်ခံပြီးစီးသွားမှာပါ "ဟု ၄င်းကပြောသည်။

၂၀၁၄ခုနှစ်ကလည်း တစ်ကြိမ်ကြုံဖူးကြောင်း၊ ဒီနှစ်ကောက်ခံတဲ့ စနစ်က ပိုမိုတိကျမြန်ဆန်ပါကြောင်း နိုင်ငံတော်ကနေ ပြည်သူတွေအတွက် လူမှုစီးပွားရေးများ အဆင်ပြေအောင် အခြေခံသန်းခေါင်စာရင်းကောက်ခံတာဖြစ်လို့ အားလုံးပူးပေါင်းပိုင်းဝန်းပါဝင်ရမှာဖြစ်ကြောင်း ၈၈-၁၉ ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ချမ်းမြသာစည်မြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ကွက်ပေါင်း ၄၇၉ ကွက် ကောက်ယူလျက်ရှိရာ နေ့စဉ် နံနက် ၇နာရီမှ ညနေ ၆ နာရီထိ စာရင်းကောက်များက လူဦးရေနှင့်အိမ်အကြောင်းအရာများတိကျမှန်ကန်စွာရရှိနိုင်ရေးအတွက် CAPL နည်းပညာဖြင့် Tablet အသုံးပြုကောက်ယူခြင်းဖြစ်သဖြင့် ၂၀၁၄ ခုနှစ်ကာကောက်ယူသည့် စနစ်ထက် ပိုမိုတိကျမြန်ဆန်မှုရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**



**(မန္တလေးနေ့စဉ်-၆)**

# အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ



**သရက် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရမည့် စာရင်းစစ်၊ စာရင်းကောက်ယူသူများသည် ယမန်နေ့ နံနက်က သတ်မှတ်ကောက်ကွက်များတွင် စာရင်းများ ကောက်ယူဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ ကွင်းဆင်းကောက်ယူရာတွင် သန်းခေါင်စာရင်းအဖွဲ့များမှ လူဦးရေနှင့်အိမ်အကြောင်းအရာ စာရင်းများ တိကျမှန်ကန်ရရှိနိုင်ရေးအတွက် မြို့နယ်အတွင်း နေထိုင်သောသူများ၏ လူဦးရေဆိုင်ရာ အချက်အလက်များအား ပြည်သူများထံအရောက် ကွင်းဆင်းမေးမြန်း Tablet များဖြင့် အဆင့်မြင့်နည်းပညာများကို အသုံးချ ကောက်ယူလျက်ရှိပြီး ယမန်နေ့ နံနက်ပိုင်းက သရက်မြို့နယ်၊ အမှတ်(၁)၊ အမှတ်(၅)၊ အမှတ်(၇)ရပ်ကွက်နှင့် မိုးနတ်ကုန်း၊အင်းလယ်၊ရေဘွက်ကျေးရွာအုပ်စုတို့အား စာရင်းကောက်ယူရေးအဖွဲ့များက ဆက်လက်ကောက်ယူလျက်ရှိရာ မြို့နယ်အဆင့် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူအင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်ဝင်း၊မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို သရက်မြို့နယ်အတွင်း ရပ်ကွက်(၈)ရပ်ကွက်၊ ကျေးရွာအုပ်စု(၅၃)အုပ်စုတို့တွင် စာရင်းကောက်ကွက် ၂၇၉ ခုတို့တွင် အောက်တိုဘာ ၁ရက်မှ (၁၅)ရက်အထိ နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်များသို့ လိုက်လံကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**စော်ထက်(သရက်)**

**ညောင်ဦး အောက်တိုဘာ ၅**

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီမှ စတင်၍ ကောက်ယူလျက်ရှိသည်။

ညောင်ဦးမြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စုတွင် သန်းခေါင်စာရင်းကောက်ကွက် ၅၇၃ ကွက်ရှိပြီး သန်းခေါင်စာရင်း၊ ကောက်ယူရေးအဖွဲ့ပေါင်း ၄၁ဖွဲ့ဖြင့် ကောက်ယူလျက်ရှိရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ညောင်ဦးမြို့နယ်အတွင်း ကြီးကြပ်သူ ၉၂ ဦး ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းများ ၁၈၄ ဦး၊ ကျောင်းဆရာ၊ ဆရာမ ၂၁၇ ဦး၊ စုစုပေါင်း ၄၉၃ ဦးပါဝင်သောအဖွဲ့ဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၁)**

*-*-*-*-*





**စစ်ကိုင်း အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့တွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊စာရင်းကောက်များသည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှစတင်၍ မြို့ပေါ်ရပ်ကွက်များတွင် လှည့်လည်ကောက်ယူခဲ့ကြသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာများ တိကျမှန်ကန်မှုရှိစေရန် စာရင်းစစ်၊ စာရင်းကောက်များက သန်းခေါင်စာရင်းပါ အချက်အလက်များကို ဘာသာရပ်တစ်ခုချင်းစီအလိုက် ဆွေးနွေးမှုများ၊ Tablet အသုံးပြု၍ လက်တွေ့ကောက်ယူမှု၊ CAPI ဖြင့် လက်တွေ့ကွင်းဆင်းကောက်ယူမှုများကို ပြည့်စုံစွာဆောင်ရွက်ခဲ့ကြသည်။

သန်းခေါင်စာရင်းကောက်ယူရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီများ၊ ခရိုင်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး ။

**မိုင်းယောင်း အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ အောက်တိုဘာ ၂ ရက်က ကောက်ကွက်အလိုက် သက်ဆိုင်ရာ စာရင်းစစ်၊စာရင်းကောက်များက ဆက်လက်ကောက်ယူလျက်ရှိသည်။

ထိုသို့ ကောက်ယူနေမှုများကို ခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**(ယာပုံ) (၅၀၅)**



# နတ်မောက်မြို့နယ်တွင် သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေး

**နတ်မောက် အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် မြို့ပေါ် ခုနစ်ရက်ကွက်ရှိ ပြည်သူများအား အိမ်ထောင်စု တစ်စုလျှင် သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၈၄၀၀ နှုန်းဖြင့် ယမန်နေ့ ညနေ ၃ နာရီက ပတ္တမြားဆီဆိုင်မှ ရောင်းချပေးလျက်ရှိသည်။



ဒေသခံပြည်သူများ နေ့စဉ် ချက်ပြုတ်စားသုံးရာတွင် အသုံးပြုလျက်ရှိသော စားအုန်းဆီများ လုံခြုံစိတ်ချမှုရှိသော စားအုန်းဆီများ ဝယ်ယူနိုင်ရေး၊ ရောနှောစားအုန်းဆီများ အာမခံချက်မရှိသော စားအုန်းဆီများ အန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ထုတ်ကုန်အညွှန်းအမှတ်သားများ ပြည့်စုံစွာ ဖော်ပြပါရှိသည့် စားအုန်းဆီများကို မြို့နယ်ဆီကုန်သည် အသင်းမှ ရပ်ကွက်အလိုက် သက်သာသောဈေးနှုန်းဖြင့် အလှည့်ကျ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)လှဝင်း

# ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး တိုက်ကျွေး၊ ထိုးနှံပေးခြင်း ဆောင်ရွက်

**မိုင်းရှူး အောက်တိုဘာ ၅**



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် အသက်(၂)နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး တိုက်ကျွေး၊ ထိုးနှံပေးခြင်းကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အသက်(၂)နှစ်အောက် ကလေးငယ်များအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင် စသည့် ပုံမှန်ကာကွယ်ဆေးများကို စနစ်တကျ တိုက်ကျွေး၊ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

# မြို့တော်အင်္ဂါရပ်နဲ့ ညီစေဖို့ ဝိုင်းဝန်းကူညီကြပါစို့

မြို့တော်သန့်ရှင်းအောင်၊ မြို့တော်သူ၊ မြို့တော်သားတွေ ကျန်းမာအောင်၊ မြို့တော်ကြီး လှပအောင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီသည် မြို့တော်ဝန်၏ ဦးဆောင်မှုဖြင့် ကော်မတီအသီးသီး၊ ဌာနအသီးသီးတို့သည် မိမိတို့ အရာထမ်း၊ အမှုထမ်းနှင့် လုပ်အားရှင်များ ပူးပေါင်း၍ မန္တလေးမြို့ကြီးကို စည်ပင်သာယာအောင် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိကြသည်ကို မြို့တော်ကြီးကိုချစ်သူတိုင်း၊ မြို့တော်ကြီးကို စိတ်ဝင်စားသူတိုင်း နေ့စဉ် မြင်တွေ့နေရသည့်မြင်ကွင်းများက သက်သေခံနေပေသည်။

မန္တလေးသည် မြန်မာရှေ့ဟောင်းမြို့တော် အင်္ဂါရပ်များနှင့် စံပြုထိုက်အောင် အခိုင်အမာကျုံး၊ မြို့ရိုး၊ မြနန်းစံကျော်ရွှေနန်းတော်ကြီး ပုံစံ အဆောက်အအုံများနှင့်တကွ သတ္တဌာနတို့ကိုပါ ယခုတိုင်ပြုပြင်မွမ်းမံထားနိုင်ခြင်း၊ အဝေးမှပင် မြင်နိုင်ထင်ရှားသည့် မန္တလေးတောင်တော် အပါအဝင် မြို့တော်၏ လေးပြင်လေးရပ်တွင်လည်း ရှေးဟောင်းစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ ရှိနေခြင်း၊ သုံးဆယ်ဝင်း၊ မောက်မယ်ဝင်း၊ ကသဲဝင်း စသည် စသည်ဖြင့် ဝင်းအလိုက် မွှောရုံများရှိကာ မိမိတို့ ဝင်း၊ ရပ်ကွက်များအလိုက် သာရေး၊ နာရေး၊ လူမှုရေး ပူးပေါင်းဆောင်ရွက်ကြကာ အဖိတ်ဥပုသ်နေ့တိုင်း ဆွမ်းတော်ကြီးခံ၊ ဆွမ်းတန်းလှည့်၊ ဆွမ်းတော်ပြင်၊ ဆွမ်းတော်ကပ်နှင့် မွှောရုံများတွင် သီလယူ၊ သီလပေး ဝတ်မပျက် ယခုတိုင် စည်းစည်းလုံးလုံး ညီညီညာညာ ဆောင်ရွက်နေကြဆဲဖြစ်သည်ကို တွေ့ရသည်။



ယခု စက်တင်ဘာ ၂၆ ရက်က မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှ မြို့အကွက်လိုက် တာဝန်ကျဝန်ထမ်းများသည် ချမ်းအေးသာစံမြို့နယ်၊ ၂၆လမ်းနှင့်၂၈လမ်းကြား၊ ၆၆လမ်းတွင် လမ်းဘေးဝဲယာ သစ်ပင်ချုံနွယ်များအား ရှင်းလင်းလျက်ရှိသည်ကို တွေ့မြင်ရသည်။ အခြားအခြား ရပ်ကွက်၊ လမ်းများတွင်လည်း လုပ်ငန်းအချိန်ဇယား စီမံချက်များ အတိုင်း လမ်းဘေး ဝဲ၊ ယာ အန္တရာယ်ကင်းအောင် မြင်ကွင်းရှင်းအောင် လမ်း၊ ပလက်ဖောင်း၊ လမ်းနယ် ရှင်းခြင်း၊ လမ်းအမှတ်အသားများ ထင်ရှားအောင် ပြုပြင်ခြင်း၊ ပလက်ဖောင်းများ အသစ်ပြုလုပ်ပေးခြင်း၊ မီးပွိုင့်များ အဆင့်မြှင့်တင်ခြင်း၊ အန္တရာယ်ကင်း လမ်းလယ်လမ်းဆုံ၊ လမ်းကွေ့များတွင် အတားအဆီးတန်းများ ပြုလုပ်ပေးခြင်းတို့ကို နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

အထက်ပါ မြင်ကွင်းမှာ လျှပ်စစ်ဓာတ်တိုင်နှင့် ဓာတ်ကြိုးများကို သစ်ပင်၊ သစ်ကိုင်းများနှင့် လွတ်နေစေပြီး မြို့တော်နေပြည်သူများ၊ ယာဉ်များ အန္တရာယ်ကင်းစေရန်အတွက် ခုတ်ထွင်ဖြတ်တောက်



ရှင်းလင်းခြင်း၊ လမ်း၊ ရေမြောင်း၊ ပလက်ဖောင်းနှင့် အုတ်တံတိုင်းခြံစည်းရိုးများ၊ လမ်းဘေးအရိပ်ရလေကာနှင့် ပန်းအလှပင်များ ညီညာသပ်ရပ်၍ မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန်၊ အမြင်တင့်တယ် မြင်ကွင်းကောင်းမွန်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။ အလားတူ ရေမြောင်းများ ပိတ်ဆို့မှုမရှိဘဲ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်၊ နုန်းများ ရှင်းလင်းဆယ်ယူခြင်း၊ မြောင်းပြုပြင်ခြင်းတို့ မြို့တော်သူ၊ မြို့တော်သားများ ကျန်းမာရေးကောင်းစေရေး၊ ကားလမ်းနှင့် လူသွားပလက်ဖောင်းစကြံလမ်းများနှင့် ဝဲ၊ ယာတွင် ရေတင်၊ ရေကျော်မဖြစ်စေဘဲ ယာဉ်၊ လူ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး အဖွဲ့လိုက် တာဝန်ကျလုပ်ငန်း လုပ်ကွက်အလိုက် တက်ကြွစွာ၊ ညီညာသေသပ်စွာ ဆောင်ရွက်လျက်ရှိကြသည်။


သို့ဖြစ်ရာ မိမိတို့ မြို့တော်၊ မြို့၊ ကျေးရွာ ရပ်ကွက်တိုင်း၊ လမ်းတိုင်းသည် အမြင်တင့်တယ် စည်းကမ်းကျနမှုသာ မိမိတို့၏ ပြည်ထောင်စုသားများ၊ တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့် ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း ပကတိအေးချမ်းသာယာဝပြောဖွံ့ဖြိုးမှုကို အမှန်အထောက်အကူပြုမည်သာ ဖြစ်သည်။

သို့ဖြစ်၍ မန္တလေးမြို့တော်ကြီး သာယာဝပြောစည်ပင်ဖွံ့ဖြိုးရေးအတွက် မြို့တော်စည်ပင်ဝန်ထမ်းများက တက်ညီလက်ညီ တာဝန်အရ၊ စေတနာအရ ပေါင်းစပ်ဆောင်ရွက်ကြရုံဖြင့် မပြည့်စုံနိုင်ပါ။

လမ်းပေါ်လမ်းဘေး ဆေးလိပ်တို၊ ကွမ်းယာထုပ် ပလတ်စတစ်အိတ်၊ အအေးဘူးခွံကအစ ဖြစ်သလို မပစ်ချလိုက်ဘဲ ကိုယ်စီ အမှိုက်ပစ်၊ အမှိုက်သိမ်း၊ အမှိုက်ကောက်စည်းကမ်းကို လိုက်နာကြခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ၊ မီးပွိုင့်စည်းကမ်းနှင့်အညီ အချင်းချင်းဖေးမကူညီနားလည်စွာ ယာဉ်မောင်းနှင်ခြင်း၊ ရပ်ခြင်းပြုကြဖို့ လိုပေသည်။

ထိုကဲ့သို့ အပြုစိတ်ထားကောင်း (constractive mind) တို့ဖြင့် ရပ်ကွက်တွင်းနေထိုင်ကြသူတိုင်း၊ လမ်းတိုင်းတွင် သွားလာနေကြသူတိုင်း၊ ကိုယ်စီကိုယ်စီ မြို့တော်သူ၊ မြို့တော်သားအပေါင်းတို့က တာဝန်သိမှုဖြင့် "ကိုယ့်မြို့တော်၊ ကိုယ့်နိုင်ငံအားလုံး ပူးပေါင်းခြံရံမှ အကောင်းတွေစံရမည်"ဟူသော အသိအတွေးဖြင့် (responsiblity) အပြည့်ဖြင့် အမြင်ကျယ်ကျယ် (point of view) ကောင်းကောင်းဖြင့် ကိုယ်က နည်းနည်းလေးစီပဲ ပေးဆပ်ပါဝင်ရမှာကို မတွန့်တို၊ မဆုတ်နစ်ကြဘဲ မန္တလေးမြို့တော်ကြီးကို သည်ထက်ပို၍ ပို၍သာယာလှပစည်ပင်ဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ နှိုးဆော်လိုက်ရပါသည်။

**ရေချမ်း-မန်း**



## ရှေးနှစ်ပေါင်း ၂၀၀ ကျော်ကြာပြီဖြစ်၍ ပျက်စီးယိုယွင်းနေသော ဝတ်ကြီးလိုဏ်ဂူမှ နံရံဆေးပန်းချီများ

**မင်းဘူး အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ် မှန်ကင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ဝတ်ကြီးလိုဏ်ဂူသည် ၄၅ ပေပတ်လည်ရှိ၍ အခန်း ကိုးခန်းရှိပြီး လိုဏ်ဂူအတွင်းမှနံရံဆေးပန်းချီများမှာ ပျက်စီးယိုယွင်းနေပြီဖြစ်၍ မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ရေးဆွဲရန် လိုအပ်လှပေသည်။

ဝတ်ကြီးလိုဏ်ဂူကို သက္ကရာဇ် ၁၇၆၇ ခုနှစ် အင်းဝခေတ်က ရေးဆွဲထားခဲ့ကြောင်း ဆရာတော်ဦးသာသနထံမှ သိရသည်။ မင်းဘူး ဆရာတော် ဦးသြဘာသရေးသားခဲ့သော ဇာတ်တော်ကြီးထဲမှ တေမိယဇာတ်၊ မဟာဇနကဇာတ်၊ နေမိဇာတ်၊ မဟော်သဓာဇာတ်၊ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓူရဇာတ်၊ ဝေဿန္တရာဇာတ်များအပြင် ရှင်ပညာတိက္ခရေးသားသော သုဝဏ္ဏသာမဇာတ်နှင့် ရှင်နန္ဒမေဓာက ရေးသားသော ဘူရိဒတ်ဇာတ်တော်ကြီးများကို အသက်ဝင်စွာ ရေးဆွဲပုံဖော်ထားသော်လည်း လက်ရာများက ပျက်စီးယိုယွင်းနေပြီ ဖြစ်သည်။

ဘုရား၊ ကျောင်း၊ ကန်၊ စေတီပုထိုးများရှိ နံရံဆေးပန်းချီ ပန်းပုလက်ရာများမှာ များသောအားဖြင့် ဆန်းပြားခမ်းနားစွာ ပုံဖော်ရေးဆွဲထားကြပြီး ရှေးခေတ် နန်းတွင်းမှ မင်းသား၊ မင်းသမီးပုံများ၊ စစ်သည်များနှင့် ဆင်၊မြင်းဗိုလ်ပါပုံများ၊ နတ်သား၊ နတ်သမီးများ၊ ဇာတကဝတ္ထုများနှင့် ဇာတ်နိပါတ်တော်လာပုံများကို အများဆုံး ထုထွင်းရေးဆွဲကြသည်။

ရှေးခေတ်မှ ပန်းချီပန်းပု သုခုမအနုလက်ရာများသည် ထူးချွန်ပြောင်မြောက်လှသောကြောင့် မြင်ရသူတို့၏ စိတ်နှလုံးကို ကြည်နူးစေသည်၊ အေးမြစေသည်၊ ရင်ထဲ၊ အသည်းထဲမှာ စွဲမြဲစွာ ထင်ဟပ်စေသောကြောင့် ကမ္ဘာအရပ်ရပ်မှ ခရီးသွားပြည်သူများက မြန်မာပြည်သို့ အပတ်တကုတ် လာရောက်လည်ပတ်ရင်း လေ့လာကြည့်ရှုကြခြင်းဖြစ်သည်။

ထိုကဲ့သို့ ရှေးဟောင်း သုခုမအနုလက်ရာများထဲတွင် မင်းဘူးမြို့ မှန်ကင်းပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ဝတ်ကြီးလိုဏ်ဂူပါဝင်ပြီး နံရံဆေးပန်းချီများမှာ ရှေးမူလက်ရာအတိုင်း ပြန်လည်မွမ်းမံပြင်ဆင်လိုက်ပါက မူလလက်ရာများ ပေါ်လွင်လာကာ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအတွက် လေ့လာလည်ပတ်စရာ နေရာတစ်ခုအဖြစ် ထင်ဟပ်လာစေမည်ဖြစ်သည်။ **(အပေါ်ပုံ)**

**(၅၀၄)**

**တိုက်တာဆင့်ဆင့်၊ မိုးထိမြင့်လည်း၊ ပန်းနှင့်သစ်ပင်**

**မတွေ့မြင်က၊ ဝန်းကျင်ခြောက်ခန်း၊ စိတ်ပင်ပန်း၏။**

## ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

**အထက်မင်းလှ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းအတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်၍ လုပ်ငန်းပြန်လည်လုပ်ကိုင်မည့် လုပ်ငန်းရှင်များအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ရခြင်းနှင့် စီမံကိန်းလုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပခဲ့ရာ သင်တန်းများတွင် ထူးချွန်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အကြီးစားစက်ရုံ(မလွန်)မှ ဒုတိယဗိုလ်မှူးကြီး နေမင်းထက်၊ တိုင်းဒေသကြီး အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကြသည်။

**(အောက်ဝဲပုံ)**



ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် အခမ်းအနားတက်ရောက်လာသူများက သရက်ခရိုင် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနမှ One Region One Product (OROP)ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်များ၊ စားသောက်ကုန်များ ခင်းကျင်းပြသထားမှုများအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ရေကြီးနစ်မြုပ်ပျက်စီးသွားသော သီးနှံများအတွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်

**သာစည် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၌ ရာဂိမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသော သီးနှံစိုက်ဧကများအတွက် တောင်သူများ သီးနှံအစားထိုးစိုက်ပျိုးနိုင်ရန် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက ထောက်ပံ့ပေးသည့် မျိုးစေ့များ စနစ်တကျစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးဖြစ်ထွန်းစေရန် ဌာနဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ငွေငွေနှင့်တာဝန်ရှိသူများက မိုးစပါး ၄၂၀ တင်း၊ နေကြာ ၃၅ အိတ်၊ ချည်မျှင်ရှည်ဝါ ၁၀၀ အိတ်နှင့် ပိုက်ဆံလျှော် ၁၀၀ အိတ်တို့ကို ကျေးရွာအုပ်စု(၁၆)စုမှ တောင်သူများအား ထောက်ပံ့ပေးပြီး ကျန်ရှိဧကများအတွက်လည်း ဆက်လက်ထောက်ပံ့သွားမည်ဖြစ်သည်။

သာစည်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံဧက ၅၉၂၂ ပျက်စီးခဲ့ပြီး ထိုဧကများအတွက် မိုးစပါး ၅၉၀ ဧက၊နေကြာ ၁၀၃၉ ဧက၊ မြေပဲ ၁၇၈ ဧက၊ ဆောင်းနှမ်း ၅၂၆ ဧက၊ ကုလားပဲ ၃၁၀၉ ဧက၊ ပဲကြီးပဲကျား ၄၈၀ ဧကတို့ အစားထိုးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(၄၈၇)**



## ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးဆောင်ရွက်

**တံတားဦး အောက်တိုဘာ ၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် စက်တင်ဘာ ၁၃ ရက်မှစ၍ ငါးရက်ကြာ ရေနစ်မြုပ်ခဲ့သည့် ပန်းယျကျေးရွာအုပ်စု၊ ပန်းယျ(မ)ကျေးရွာတွင် အများသုံးစက်ရေတွင်း ၇၀'(၅)ပေါက်တွင်းနှင့် 22HP အင်ဂျင်မှာ ရေနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သည်။



ယခုအခါ ပန်းယျ(မ) ကျေးရွာတွင် သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ 22HP အင်ဂျင် (၁)လုံး ငှားရမ်း၍ ရေဆက်လက်မောင်းနှင်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးရွာအတွင်း သောက်သုံးရေအား ပုံမှန်လည်ပတ် သုံးစွဲနေပြီဖြစ်ပြီး နစ်မြုပ်ခဲ့သည့် အင်ဂျင်အား ဆယ်ယူပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(၀၄၀)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဟူ၍ ရှိ...

❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...

❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ဘေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရေဘေးရှောင်ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၅

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သရက်တောပရိယတ္တိစာသင်တိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၆ ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက သရက်တောပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။



တက်ရောက်

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သရက်တောပရိယတ္တိစာသင်တိုက် ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရေဘေးရှောင်ကျောင်းတိုက်များမှ ဆရာတော်ကြီးများကို သင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် အရှင်ဂဝမ္ပတိမထေရ်စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လယ်ဝေးမြို့ သရက်တောပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စေတနာရှင် ရဟန်းရှင်လူများက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ သရက်တောပရိယတ္တိစာသင်တိုက်နှင့် ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း ၂၆ကျောင်းတို့အတွက် သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၅၆ သိန်း ၅ သောင်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်းနှင့် ယနေ့ အချိန်အထိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း စုစုပေါင်း ၁၇၆ ကျောင်းအတွက် ဝတ္ထုငွေကျပ် ၄၀၃ သိန်း၊ သင်္ကန်း ၁၃၁၃ စုံ၊ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် ၇၀၂ ဆူ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တဘက်၊ ဆပ်ပြာမှုန့်စသည့် ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပရီးမီးယားလိဂ်ပွဲစဉ်(၇)တွင် လီဗာပူး၊ မန်စီးတီး၊ အာဆင်နယ်တို့ နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့

**လန်ဒန် အောက်တိုဘာ ၅**

ပရီးမီးယားလိဂ်ပွဲစဉ်(၇) အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီက ပဲလေ့စ်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ပဲလေ့စ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် လီဗာပူးအသင်းက ပဲလေ့စ်အသင်းအား ပွဲချိန် ၉ မိနစ်တွင် ဂျိုတာ၏ သွင်းဂိုးဖြင့် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားကာ အနိုင်ရယူခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ယနေ့ည ၈ နာရီ ၃၀ မိနစ်က မန်စီးတီးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ဖူလ်ဟမ်အသင်းအား အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး သုံးဂိုး၊ နှစ်ဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။



မန်စီးတီးအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၂ မိနစ်နှင့် ၄၇ မိနစ်တွင် ကိုဗာဆစ်၊ ပွဲချိန် ၈၂ မိနစ်တွင် ဒိုကူတို့က သွင်းယူပေးခဲ့သည်။

အာဆင်နယ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ပွဲစဉ်တွင်လည်း အာဆင်နယ်အသင်းက ဆောက်သမ်တန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၅၈ မိနစ်တွင် ဟာဗက်ဇ်၊ ပွဲချိန် ၆၈ မိနစ်တွင် မာတင်နယ်လီ၊ ပွဲချိန် ၈၈ မိနစ်တွင် ဆာကာတို့က သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များအဖြစ် လက်စတာအသင်းက ဘုန်းမောက်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ ဘရန့်ဖို့ဒ်အသင်းက ဝုဖ်အသင်းအား ငါးဂိုး၊ သုံးဂိုးဖြင့်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းက အစ်ဆွစ်ချ်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး နိုင်ပွဲရရှိခဲ့ကြသည်။

(NGB)

## သီရိလင်္ကာအသင်းနှင့် ခြေစမ်းပွဲကစားရန် မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာ့လက်ရွေးစင်အသင်းသည် သီရိလင်္ကာအသင်းနှင့် ခြေစမ်းပွဲကစားရန် ကစားသမား ၂၇ ဦးစာရင်းကို ယနေ့ညနေပိုင်းက ထုတ်ပြန်လိုက်သည်။



မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၉ ဦးဖြင့် ဖွဲ့စည်းကာ စက်တင်ဘာ ၂၄ ရက်တွင် စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် ခြေစမ်းပွဲကစားကာအနီးရက်ပိုင်းအလိုတွင် ကစားသမားများ လျှော့ချကာ ၂၇ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယနေ့ညနေပိုင်းက ထုတ်ပြန်လိုက်သည့် မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းတွင် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်း၊ ဦးမင်းသူ၊ ဂိုးနည်းပြ-အန်ဒရီ(ဂျာမနီ)၊ ကစားသမားများအဖြစ် ဂိုးသမား-ဆန်းဆက်နိုင်၊ ပြည့်ဖြိုးအောင်(ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုးသူ(ရှမ်းယူနိုက်တက်)၊ နောက်တန်း-ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဖွဲခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်(ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း(ဒဂုံစတား)၊ ကျော်ဖြိုးဝေ၊ သူရိန်စိုး(ရန်ကုန်ယူနိုက်တက်)၊ စိုးမိုးကျော်(TiffyArmy-ကမ္ဘောဒီးယား)၊ အလယ်တန်း-ဝေလင်းအောင်၊ ဇော်ဝင်းသိန်း(ရန်ကုန်ယူနိုက်တက်)၊ ခိုင်ရဲဝင်း(အား/ကာသိပ္ပံ)၊ လွင်မိုးအောင်(ရရောင်း-ထိုင်း)၊ ကျော်မင်းဦး(PDRM-မလေးရှား)၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင်(ရှမ်းယူနိုက်တက်)၊ မောင်မောင်လွင်(လမ်ဖွန်ဝါရီယာ)၊ ဆွမ်လမန်(ဒဂုံစတား)၊ ရှေ့တန်း-ဝင်းနိုင်ထွန်း(ချင်းခရိုင်ယူနိုက်တက်-ထိုင်း)၊ ရန်ကျော်ထွေး(ရန်ကုန်ယူနိုက်တက်)၊ သန်းပိုင်(ကန်ချာနာဘူရီ-ထိုင်း)နှင့် အောင်မြတ်သူ(ဟံသာဝတီယူနိုက်တက်)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာလက်ရွေးစင်အသင်းတို့သည် အောက်တိုဘာ ၁၀ ရက်၊ ၁၃ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**